BURMESE WOMEN'S UNION
No.386, Thudammar Rd, North-Okkalapa Township, Yangon, Myanmar
No.265, Khun Li Street, Naung Yar (B) Ward, Loikaw, Kayah State, Myanmar
Email: secretariat.bwu@gmail.com / Phone: 09 4200 423 73



# (၃) လအတွင်း အမျိုးသမီးသတင်းအချုပ် ကောက်နုတ်ချက်

## (၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)

## မြန်မာ့အမျိုးသမီးသမဂ္ဂ သတင်းနှင့်မှတ်တမ်းတင်ဌာနမှ ကောက်နုတ်စုစည်းသည်

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် အမျိုးသမီးများ၏ အခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသမီးရေး လှုပ်ရှားမှုဖြစ်စဉ်များကို ရေးသားဖော်ပြသောသတင်းများကို ပြန်လည်ကောက် နုတ်စုစည်း တင်ပြလိုက်ပါသည်။

**(က) အမျိုးသမီးများအခြေအနေ၊ အမျိုးသမီးရေးလှုပ်ရှားမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ကျူးလွန်မှုများ**

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့ နယ် စက်မှုဇုန်ရှိဖုယွင် အထည်ချုပ်စက်ရုံအလုပ်သမားများ တရားမဲ့ အလုပ်ထုတ်ခံရခြင်းကြောင့် သပိတ်မှောက်တောင်းဆိုတိုက်ပွဲဝင်နေသော ဖြိုခွင်းခံ အကြမ်းဖက်ခံရသောအလုပ်သမား အများစုမှာ အမျိုးသမီး အလုပ်သမားများဖြစ်နေသည်။

၃ လ တာကာလအတွင်း မုဒိမ်းမှုပေါင်း ၁၀ ခုဖြစ်ပွားခဲ့ပြီး သက်ငယ်မုဒိမ်းမှုမှာ ၇ ခုပါဝင်ပါသည်။ သက်ငယ်မုဒိမ်းမှုများအနက် အမှု ၂ ခုကို ကြီးလေးသောစီရင်ချက်ချခဲ့သည်။

ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ့အစည်းများအကြားနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ့အစည်းများအချင်းချင်းအကြား ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယင်းပဋိပက္ခ များဖြစ်ပေါ်လာစေရန် ဖန်တီးနေခြင်းများအတွက် အထူးစိုးရိမ်ပူပန်ကြောင်းနှင့် ထိုသို့ လုပ်ရပ် များတွင် ပါဝင်ပတ်သက်နေသူများအားလုံးကို အပြင်းအထန်ရှုတ်ချကြောင်းနှင့် ထိုလုပ်ရပ်များရပ်တန့် ရန် အထူးလိုအပ်သည်ဟု ရှမ်းပြည်နယ်မှတိုင်းရင်းသူအမျိုးသမီးအဖွဲ့ ့အစည်းများဖြစ်သော လားဟူအမျိုးသမီးအစည်းအရုံး (LWO)၊ ပအိုဝ်းအမျိုးသမီးများသမဂ္ဂ(PWU)၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း(SWAN)၊တအာင်းအမျိုးသမီးများအစည်းအရုံး(TWO)တို့ မှ ထုတ်ပြန်ကြေညာခဲ့သည်။

နိုဝင်ဘာလ ၅ ရက်နေ့တွင်လာရောက်အမှုဖွင့်တိုင်ကြားထားသော မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်တွင်ဖြစ်ပွားခဲ့သော အသက် ၁၃ နှစ် အရွယ် အိမ်အကူမိန်းကလေးအား ညှဉ်းပန်း နှိပ်စက်မှုဖြင့် အိမ်ရှင်အား ဖမ်းဆီးအရေးယူထားသည်။ ညှဉ်းပန်းနှိပ်စက်ခံနေရသည့် အိမ်အကူမိန်းကလေးမှာ အိမ်ရှင်အမျိုးသမီးက မီးပူဖြင့်ကပ်ခဲ့သောကြောင့် ညာဒူးတွင် ညိုမဲ ဒဏ်ရာရရှိထားပြီး လက်နှစ်ဖက်တွင် ရရှိထားသည့် ပြတ်ရှဒဏ်ရာများမှာ ဓားဖြင့်မွှန်းခံခြင်း၊ ကျောတွင်ရရှိသည့် ညိုမဲဒဏ်ရာမှာ ရေနွေးပူဖြင့်လောင်းခံရပြီး ဦးခေါင်းချိုစောင်း နှစ်ဖက်ရှိပြတ်ရှဒဏ်ရာများမှာ ဓားဖြင့်ခုတ်ခံရကြောင်း သိရှိရပြီး အင်းစိန်ဆေးရုံသို့ တင်ပို့ကုသထား ရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

မန္တလေးမြို့တွင် အိမ်ရှင်က အသက်မပြည့်သေးသော အိမ်အကူအမျိုးသမီးအား အက်စစ်ဖြင့်ပက်ခြင်းကြောင့် မျက်လုံး တစ်ဖက်ကွယ်ကာ မျက်နှာတစ်ခြမ်း ပျက်စီးခဲ့ပြီး ရှစ်နှစ်ခန့် ကာ ပိတ်လှောင်ထားခြင်းခံခဲ့ရသည့် အမှုကို မန္တလေးခရိုင် တရားရုံး က နိုဝင်ဘာ ၁၉ ရက်နေ့တွင် လူကုန်ကူးမှုဖြင့်သာ စွဲချက်တင် အမိန့် ချခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ပန်ကူကျေးရွာအုပ်စု ပန်ကူဒုက္ခသည်စခန်းမှ ရက်သားကလေးငယ်နှင့် မိခင် အပါအဝင် လူ ၅ ဦးကို နိုဝင်ဘာ ၂၀ ရက်နေ့ နေ့လယ် ၁၁ နာရီ ကျော်တွင် မြန်မာ့တပ်မတော်ကွတ်ခိုင်အခြေစိုက်တပ်ဖွဲ့မှ လာရောက်ခေါ်ဆောင်သွားသည်။

၂၀၁၈ ခုနှစ်တွင်ကျရောက်သောအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ နှင့်၁၆ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်နှင့် တိုင်းဒေသကြီးများ၊ မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် သက်ငယ်မုဒိမ်းမှုများ ပိုမိုများပြားလာကြောင်း ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဆောင်ရွက်ပေးခဲ့ရသည့် အကြမ်းဖက်မှုများမှာ သက်ငယ်မုဒိမ်းမှု ၂၅၅ မှုနှင့် သက်ကြီးရွယ်အို ၅၄ မှုရှိသည့်အတွက် သက်ငယ်မုဒိမ်းမှုက ပိုမိုများပြားနေသည်ကို တွေ့ ရှိမည်ဖြစ်သည်ဟု လူဝင်မှုကြယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးစိုးအောင်က နိုဝင်ဘာလ ၂၆ ရက် နေပြည်တော်ရှိတွင်ပြုလုပ်သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနား အဖွင့်မိန့် ခွန်းတွင် ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းအတွင်းတွင် ယခုနှစ်အတွင်း အကြမ်းဖက်အဓမ္မပြုကျင့်ခံရသူ အမျိုးသမီး ၅၀ ဦးကျော် ကို ကျပ်သိန်း ၁၉၀ နီးပါး အစိုးရမှ ထောက်ပံ့ပေးထားကြောင်းယင်းတိုင်းအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး၏ပြောဆိုချက်အရတိုင်းဒေသတခုတည်းတွင်ပင် အဓမ္မပြုကျင့်မှုအနေအထားကို သိသိ သာသာမြင်တွေ့ နေရသည်။

အစိုးရဘက်ဆိုင်ရာဌာနများအနေဖြင့် လူကုန်ကူးမှုပညာပေးဟောပြောပွဲများကို လုပ်ဆောင်လာနေသော်လည်း တဘက်တွင် တရုတ်သို့ လူကုန်ကူးခံရမှု ဆိုးရွားစွာဖြစ်ပေါ်နေပြီး အငှားကိုယ်ဝန်ဆောင်များအဖြစ် အများဆုံးလူကူးခြင်းခံနေရခြင်းဖြစ်သည်။ ရှမ်းပြည်နယ်သည် လူကုန်ကူးမှုအများဆုံးဖြစ်ပေါ်သည့် ဒေသဖြစ်ခဲ့ကာ ဒုတိယနေရာ၌ ရန်ကုန်တိုင်းဒေသကြီး၊ တတိယနေရာ၌ မန္တလေးတိုင်း ဒေသကြီး၊ စတုတ္ထနေရာ၌ ကချင်ပြည်နယ်တို့က အစဉ်အလိုက်ရပ်တည်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြခဲ့သည်။

**(ခ) အမျိုးသမီးများ၏ စွမ်းဆောင်မှု**

စင်ကာပူနိုင်ငံစင်ကာပူအမျိုးသားတက္ကသိုလ်(National University of Singapore)မှ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ်ဒေါ်နန်းလိုင်းခမ်းအား‘’အောင်မြင်ကျော်ကြား“စီးပွားနှင့်လူမှုထူးချွန်ကျောင်းသားဆု””(Eminent Business Alumni Award 2018) ဧ ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်တွင် ယခုနှစ် ထူးချွန်ဆရာဆုကို ပုဂံတစ်ဖက်ကမ်း အရှေ့သီရိရွာ အထက်တန်းကျောင်းခွဲမှ မသန်စွမ်း စေတနာ့ဝန်ထမ်း ဆရာမ ဒေါ်အိအိညိမ်းကရရှိခဲ့ပြီး၊ နှစ် (၃၀) ကျော် ဆက်တိုက်ခွင့်မယူသည့် အခြေခံပညာ ကျောင်းဆရာမခုနစ်ဦးကို ခွင့်ရက် မပျက်ဆုကို ပညာရေးဝန်ကြီးဌာနက ဆုချီးမြှင့်ခဲ့သည်။

လူမှုအကျိုးပြု ပရဟိတထူးချွန်ဆု “Hope Charity Icon Award” နှင့် လူမှုအကျိုးပြု ပရဟိတ ဂုဏ်ထူးဆောင် သံအမတ်ဆု (Hope Charity Amdassador Award) မိုခမ်း (M.R.C.S) နှင့် သရုပ်ဆောင် ခိုင်နှင်းဝေ (ခိုင်နှင်းဝေ ဖောင်ဒေးရှင်း) တို့က ရရှိဆွတ်ခူးသွားခဲ့ကြသည်။

တိုင်းရင် းသူ ကချင်အမျိုးသမီး “ဆိုင်းရော” သည် ၂၀၁၂ ခုနှစ်မှစတင်ကာ အမေရိကန်ပြည်ထောင်စုတွင် ထူထောင်ခဲ့သော Kachin Alliance ကချင်မဟာမိတ်အဖွဲ့၏ လက်ရှိ တွဲဖက်ဒုတိယဥက္ကဌအဖြစ် တာဝန်ထမ်းဆောင်ကာ တဘက်တွင် မြန်မာနိုင်ငံရှိကချင်စစ်ဘေး ရှောင်များအရေး နိုးကြားမှုရှိစေရန် အမေရိကန်လွှတ်တော်အပါအဝင် နိုင်ငံတဝှမ်း လိုက်လံဆောင်ရွက်လျက်ရှိသည်။

**(ဂ) နိုင်ငံတော်အဆင့် အမျိုးသမီးများ ဦးဆောင်မှုအပိုင်း**

ရန်ကုန်တို င်းဒေသကြီး၌ လစ်လပ်နေသည့် ဥပဒေချုပ်နေရာတွင် တာဝန်ထမ်းဆောင်မည့် ဒေါ်ခင်မျိုးကြည်သည် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက် နေ့တွင် လွှတ်တော်ဥက္ကဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုခဲ့သည်။

**(ဃ) တရားဥပဒေစိုးမိုးရေး**

**ဥပဒေပိုင်းဆိုင်ရာပြောင်းလဲရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း**

အသက်(၁၂)နှစ် အောက် မိန်းကလေးများကို မုဒိမ်းမှုကျူးလွန်ပါက ထောင်ဒဏ်နှစ် ၂၀မှ ထောင်ဒဏ်တစ်သက် လွှတ်ရက်မရှိချမှတ်နိုင်မည့်ဥပဒေ ကြမ်းကို ယမန်နေ့က ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် အတည်ပြုခဲ့သည်။

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အသက်အရွယ်ကို ၁၈ နှစ်မပြည့်သော်လည်း ခွင့်ပြုသင့်ကြောင်းနှင့် ဓလေ့ထုံးစံအတိုင်း လက်ထပ်နိုင်ကြောင်း ယနေ့ ပြည်သူ့လွှတ်တော်တွင် ဆုံးဖြတ်လိုက်ပါသည်။

**(င) စစ်ပဋိပက္ခဒေသများရှိ အမျိုးသမီးများ**

ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တွင်းရှိ စစ်ပွဲများကြောင့် အပြစ်မဲ့ အမျိုးသမီးနှင့် ကလေးငယ်များကို ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ သေနတ်နှင့် မိုင်းပေါက်ကွဲမှုများကြောင့် သေ ဆုံးခြင်းများကိုရင်ဆိုင်နေရဆဲဖြစ်သည်။

**(စ) နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်**

တိုကျိုမြို့တွင်ပြုလုပ်သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုပြီးရောက်လာရန် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များထဲတွင် ရခိုင်ပြည်နယ် ပဋိပက္ခ ကိုင်တွယ် ဖြေရှင်းရေးမှာ ပိုမို ပွင့်လင်းမြင်သာမှုရှိစေရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ကတိပေး ပြောကြားခဲ့သော်လည်း တဘက်တွင် ၄င်းအားရခိုင်ပြည်နယ်ရိုရိုဟင်ဂျာအရေးနှင့်ပတ်သက်ပြီး ကနေဒါနိုင်ငံက ၂၀၀၇ ခုနှစ်တွင် ချီးမြှင့်ထားသည့် ဂုဏ်ထူးဆောင်နိုင်ငံသားဆုကိုလည်းကောင်း၊ Amnesty International နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ချီးမြှင့်ခဲ့သည့် Ambassador of Conscience Award ခေါ် လူ့အခွင့်အရေးဆုကိုလည်းကောင်း၊ ကိုရီးယားလူ့ အခွင့်အရေးအဖွဲ့ကြီးတဖွဲ့က ဒေါ်အောင် ဆန်းစုကြည်နေအိမ်အကျယ်ချုပ် ကျခံနေရစဉ် ၂၀၀၄ ခုနှစ်က ချီးမြှင့်ခဲ့သော Gwangju ဆုကိုလည်းကောင်း ပြန်လည်ရုပ်သိမ်းခဲ့ကြသည်။

သို့ သော်လည်းလန်ဒန်ဆရာတော် ဆရာတော် ဦးဥတ္တရ ဦးဆောင်သည့် ဥရောပ-မြန်မာ ဗုဒ္ဓသာ သနာပြု အသင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သမ္မတပဟောင်းဦးထင်ကျော်တို့ကို ကမ္ဘာ့ဂုဏ်ဆောင်အလင်းရောင်ဆုနှင့် အာရှဂုဏ်ဆောင်အလင်းရောင်ဆုများ ချီးမြှင့်ခဲ့သည်။

လုံခြုံငြိမ်းချမ်းမှုရှိသော ဘဝတွင်နေထိုင်နိုင်ရန် စိန်ခေါ်မှုများတိုး၍ရင်ဆိုင်နေရပြီး အကြမ်းဖက်မှုကို အားပေးနေသည့် အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒတို့၏ ဘေးအန္တရာယ် ဆိုးများမှ ကျော်လွှားနိုင်ရေးလုပ်ဆောင်ရန်လိုအပ်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်ကနေပြည်တော်၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည့်ဘာသာ ပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်း မေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးပိုင်းသို့ တက်ရောက်မွန့် ခွန်း ပြောကြားသည်။

**(ဆ) အမျိုးသမီးနှင့် ကျန်းမာရေးကဏ္ဍ**

မြန်မာနိုင်ငံတွင် ကလေးမွေးဖွားပြီးမိခင်သေဆုံးမှုနှင့် ကိုယ်ဝန်ဖျက်ချမှုကြောင့်သေဆုံးမှုနှုန်းမှာအရှေ့ တောင်အာရှတွင် အမြင့်ဆုံးနိုင်ငံဖြစ်နေသည်။

**(ဇ) ငြိမ်းချမ်းရေးနှင့်အမျိုးသမီး**

မောင်းတောတွင်ရခိုင်အမျိုးသမီးများနှင့် ဘင်္ဂါလီအမျိုးသမီးများ တွေ့ဆုံ၍ အမျိုးသမီးများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကိစ္စများကို အောက်တိုဘာ (၉) နေ့မှ (၁၀) ရက်နေ့အထိ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးက ချမှတ်ခဲ့သည့် ကျား၊ မတန်းတူရေးဆိုင်ရာ အခြေခံမူ ၄ ချက်သည် ကျား၊ မတန်းတူရေးများကို ဖော်ဆောင်နိုင်ရေး အတွက် လုံလောက်သောထိရောက်မှုမရှိဟု အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) WLB မှ သုံးသပ်လိုက်ပြီး၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသား ဒေသ အသီးသီးတွင် စစ်ပွဲများ ရပ်တန့်ရန်၊ တိုင်းရင်းသားဒေသများတွင် တိုးချဲ့ထားသည့် အစိုးရတပ်များကို ပြန်ရုပ်ပေးရန် အမျိုးသမီးများအဖွဲ့ချုပ်( မြန်မာနိုင်ငံ) တောင်းဆိုလိုက်သည်။

ပါတီနှင့် တိုင်းရင်းသားအမျိုးသမီးညီလာခံကို အမေရိကန်အခြေစိုက် Carter Center နှင့် WLB အမျိုသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)တို့မှ ပူးတွဲကျင်းပခဲ့ပြီး လက်ရှိလုပ်ကိုင်နေသည့် မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုနှင့်


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

လက်ရှိနိုင်ငံရေးပါတီများ၏ မူဘောင်သဘောထားများကို ဆွေးနွေးခဲ့ကြသည်။

**အောက်တိုဘာလ**

- ရန်ကုန်တိုင်းဒေသကြီး၌ လစ်လပ်နေသည့် ဥပဒေချုပ်နေရာတွင် တာဝန်ထမ်းဆောင်မည့် ဒေါ်ခင်မျိုးကြည်သည် ယနေ့ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် လွှတ်တော်ဥက္ကဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုခဲ့သည်။( The Mirror၊ အောက်တိုဘာလ ၁ ရက်၊ ၂၀၁၈ ခုနှစ်)

- စက်တင်ဘာ ၂၂ ရက် နံ နက် ၉ နာရီက အိမ်နီးချင်းနေအိမ်တွင် တီဗီသွားကြည့်သည့် ဆဋ္ဌမတန်းကျောင်းသူမိန်းကလေးကို အဆိုပါနေအိမ်တွင် ပဉ္စမတန်း ကျောင်းသားနှစ်ဦးက အဓမ္မပြု ကျင့်ခဲ့သည်ဟု စက်တင်ဘာ ၂၉ ရက်က တောင်ဒဂုံရဲစခန်း၌အမှု ဖွင့်တိုင်ကြားခဲ့ သည်။ လက်ရှိတွင် အဆိုပါ ကျောင်းသားနှစ်ဦးကို တောင်ဒဂုံ မြို့မရဲစခန်းက အဓမ္မပြုကျင့်မှု၊ အားပေးကူညီမှုပုဒ်မတို့ဖြင့် အမှု ဖွင့်၍ ဖမ်းဆီးစစ်ဆေးနေသည်။(7DayDaily၊ အောက်တိုဘာ လ ၁ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် အမျိုးသမီး ရဲတပ်ဖွဲ့ဝင် အင်အားကို လက်ရှိရဲအင်အား စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်ထားကြောင်း နေပြည်တော်တွင် အောက်တိုဘာလ ၁ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်မှ ညွှန်ကြားရေးမှူး ရဲမှူးကြီး အောင်မြင့်နိုင်က ပြောသည်။ ရဲတပ်ဖွဲ့တွင် အမျိုးသမီး တပ်ဖွဲ့ဝင်များကို ရဲမှူးကြီးအဆင့်အထိ ရာထူးတိုးမြှင့် ခန့်အပ်ထားကြောင်းလည်း ၎င်းကဆိုသည်။(ရောဝတီသတင်း၊ အောက်တိုဘာလ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် မိခင်သေဆုံးမှုမြင့်မားသည့် နိုင်ငံတစ် နိုင်ငံဖြစ်ပြီး မိခင်သေဆုံးမှု ၁၂ ရာခိုင်နှုန်းသည် ကိုယ်ဝန်ပျက်ခြင်း၊ ကိုယ်ဝန်ဖျက်ခြင်း၏ နောက်ဆက်တွဲကြောင့်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။(The Voice၊ အောက်တိုဘာလ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကောက်ယူထားသော စစ်တမ်းအရ လှိုင်သာယာ မြို့နယ်တွင် ကလေးမွေးဖွားပြီး မိခင် သေဆုံးမှု အများဆုံးဖြစ်နေပြီး၊ အရှင်မွေးကလေးဦးရေ တစ်သိန်းတွင် မိခင် ၂၂၈ ဦးသေဆုံးနေပြီး ယင်းတွင် ၃ ဦးလျှင် ၁ ဦးသည် ကိုယ်ဝန်ဖျက်ချမှုကြောင့်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်မျိုးဆက်ပွားဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာလှမြတ်သွေးဏ္ဍကြာက ပြောသည်။ (7DayDaily၊ အောက်တိုဘာ လ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း (ခ) ကျေးရွာအုပ်စုတွင် အမည်မသိ လူတစ်စုက အမျိုးသမီးကြီးတစ်ဦးကို သေနတ်ဖြင့် ခြိမ်းခြောက်ကာ ပြန်ပေးဆွဲ ခေါ်ဆောင်မှု ဖြစ်ပွားခဲ့သည်။(မြန်မာတိုင်းမ်၊ Myanmaalinn၊ ကမ္ဘောဇတိုင်း၊ အောက်တိုဘာလ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ်ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်နွယ်ပြီး မြန်မာအစိုးရထိပ်တန်းခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါနိုင်ငံက ၂၀၀၇ ခုနှစ်တွင် ချီးမြှင့်ထားသည့် ဂုဏ်ထူးဆောင်နိုင်ငံသားဆုကို ကနေဒါလွှတ်တော် ၂ ရပ်စလုံးက တခဲနက် မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် တရားဝင်ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ (VOA၊ အောက်တိုဘာလ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ဧပြီ၂၆ရက်ကဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေအသက်(၁၄)နှစ်အရွယ်မိန်းကလေးအားဆောက်လက်စတိုက်အတွင်းအဓမ္မပြုကျင့်ကျူးလွန်ခဲ့သည့် လူငယ်ကို အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။(7DayDaily၊ အောက်တိုဘာလ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်စန်းစန်းရီ ကို ယင်း၏ သဘောဆန္ဒ အလျောက်ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးကအောက်တိုဘာ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။(The Ladies News၊ အောက်တိုဘာလ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- လွန်ခဲ့သည့်ဧပြီလတွင်ဖြစ်ပွားခဲ့သော အသက်၅၆နှစ်အရွယ်ဦးနန္ဒသီရိသည် ၎င်း၏ကျောင်းတွင်ကျောင်းအိပ်ကျောင်းစား ပညာသင်ကြားနေသည့် အသက် ၁၀နှစ်မှ ၁၄နှစ်အရွယ် ကျောင်းသူလေးဦးအား အဓမ္မပြုကျင့်သည်ဟု စွပ်စွဲရပြီးကတည်းက လူမြင်ကွင်းမှ ပျောက်ကွယ်နေခြင်းဖြစ်ပြီး အမှုကိုလိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည့် ရေသိုးကျေးရွာမှ ကျေးရွာ လူကြီး ဦးရွှေအေး ကရဲစခန်းသို့ အကြိမ်ကြိမ်သွားရောက်ခဲ့သော်လည်း ထူးခြားမှုမရှိသေးသည့်အကြောင်းသာကြားခဲ့ရကြောင်းပြောသည်။(Myanmar Now၊ အောက်တိုဘာလ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- အောက်တိုဘာ ၅ရက်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ယခုနှစ် ထူးချွန်ဆရာဆုကို ပုဂံတစ်ဖက်ကမ်း အရှေ့သီရိရွာ အထက်တန်းကျောင်းခွဲမှ မသန်စွမ်း စေတနာ့ဝန်ထမ်း ဆရာမ ဒေါ်အိအိညိမ်းကရရှိကြောင်း ဆုချီးမြှင့်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ဆရာမများ အဖွဲ့ချုပ်(ဗဟို)ထံမှ သိရှိရသည်။(The Voice၊ အောက်တို ဘာလ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- နှစ်(၃၀)ကျော် ဆက်တိုက်ခွင့်မယူသည့် အခြေခံပညာ ကျောင်းဆရာမခုနစ်ဦးကို ယနေ့ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား၌ ခွင့်ရက် မပျက်ဆု ဆုချီးမြှင့်မည်ဟု ပညာရေးဝန်ကြီးဌာနက ကြေညာသည်။ ( 7DayDaily၊ အောက်တို ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ တိုကျိုမြို့တွင်ကျင်းပမည့် မဲခေါင် - ဂျပန် ထိပ်သီး နိုင်ငံခေါင်းဆောင်များအစည်းအဝေးကို တက်ရောက်ရန် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီး ခရီးစဉ်အတွင်းတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို လေ့လာရန်ရှိနေ သည်ဟုသိရပါသည်။(7DayDaily၊ အောက်တိုဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- တနသ်ာရီမြို့နယ်တွင် ဖခင်ဖြစ်သူက အသက် ၂၁ နှစ်အရွယ် သမီးအရင်းကို သားမယား ပြုကျင့်မှုဖြစ်ပွားခဲ့သဖြင့် ကိုယ်ဝန် ၂ လခန့်ရှိနေကြောင်း အမျိုးသမီးကြီးတစ်ဦးက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများမှ တဆင့် ရဲတပ်ဖွဲ့သို့ လာရောက်တိုင်တန်းသဖြင့် အောက်တိုဘာ ၆ ရက်တွင် သက်ဆိုင်ရာက သွားရောက်ဖမ်းဆီးစဉ် ဓါး၊ လှံတို့ဖြင့် ပြန်လည်ခုခံသောကြောင့် လုံးထွေးဖမ်းဆီးခဲ့ရသည်။ (မြန်မာတိုင်းမ်၊ အောက်တိုဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- အောက်တိုဘာ ၆ ရက်နေ့က မင်းဘူးမြို့တွင် ၆ နှစ်အရွယ်ကျောင်းသူတစ်ဦး ကျောင်းသို့သွားစဉ်လမ်း၌ မင်းဘူးခရိုင်အကူတပ်ခွဲမှ ရဲဒုတပ်ကြပ်တစ်ဦးက မဖွယ်မရာလုပ်ခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းထံမှ သိရှိရသည်။(The Voice၊ အောက်တိုဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- TNLA တအာင်းပလောင် လွတ်မြောက်ရေးတပ်မတော်မှ ၂ လနီးပါးကြာ ဖမ်းဆီးခေါ်ဆောင် သွားသော ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့က နန်းမိုဟွမ်ကို ထောင်ဒဏ် သုံးနှစ် ချမှတ်လိုက် သည်ဟု TNLA ပြောခွင့်ရသူ ဗိုလ်မှူးမိုင်းအိုက်ကျော်က ပြောပါသည်။(RFA၊ အောက်တိုဘာ လ ၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၁၈ မေလ ၁ ရက်နေ့ က ဖြစ်ပွားခဲ့သော အသက် ၁၂ နှစ်အရွယ် ၅ တန်းကျောင်းသူ မိန်းကလေးကို အုတ်သဲကျောက်ရောင်းဝယ်ရေးအလုပ်သမားအိပ်ဆောင်သို့ ခေါ်ဆောင်ကာ သားမယားပြုကျင့်သူ အသက် ၂၀ အရွယ်စောကွာလ (ခ) ကြည်လင်းအား ထောင်ဒဏ် ၂၃ နှစ်ကျခံစေရန် အရှေ့ပိုင်းခရိုင် တရားရုံးက အောက်တိုဘာ ၈ ရက်နေ့ က အမိန့် ချမှတ်ခဲ့သည်။ (မြန်မာတိုင်းမ်၊ အောက်တိုဘာ ၀၉ ရက်၊ ၂၀၁၈ ခုနှစ်)

- တနလ်ာနေ့က တိုကျိုမြို့တွင်ပြုလုပ်သည့် လူပေါင်း ၃၀၀ ကျော်တက်ရောက်သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုပြီးရောက်လာရန် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များထဲတွင် ရခိုင်ပြည်နယ် ပဋိပက္ခကိုင်တွယ် ဖြေရှင်းရေးမှာ ပိုမို ပွင့်လင်းမြင်သာမှုရှိစေရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ကတိပေး ပြော ကြားခဲ့ပါသည်။ (VOA၊ အောက်တိုဘာလ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- မောင်တောမြို့"ဒေဝါနဒီ"ခန်းမတွင် ရခိုင်အမျိုးသမီးများနှင့် ဘင်္ဂါလီအမျိုးသမီးများ တွေ့ဆုံ၍ အမျိုးသမီးများငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကိစ္စများကို အောက်တိုဘာ (၉)နေ့မှ (၁၀)ရက်နေ့ အထိ ဆွေးနွေးပွဲ ပြုလုပ်နေကြသည်။ ပဋိပက္ခနှင့် မတည်ငြိမ်မှုနယ်မြေတွင် ရှိသည့် အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးနှင့် လူမှုသဟ ဇာတဖြစ်မှုကို မြှင့်တင်ပေးနိုင်ရန် နှစ်ဖက်အမျိုးသမီးများ လွတ်လပ်စွာ တွေ့ဆုံနိုင်ရန် ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်သည် ဟု ဆွေးနွေးပွဲဦးဆောင်ပြုလုပ်သည့် CDNHအဖွဲ့က ဒေါ်ယဉ်မြတ်ဦးက ဆိုသည်။


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

(Development Media Group၊ အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)

- မျက်မမြင်အမျိုးသမီးငယ်အား လိင်မတော်မတရားပြုကျင့်သည်ဟု စွပ်စွဲခံထားရသည့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဌအား ယမန်နေ့တွင် ရာထူးမှ ယာယီရပ်ဆိုင်းထား လိုက်သည်။ ဥက္ကဌဦးအောင်ကိုမြင့်သည် အသက်၂၀ကျော် မျက်မမြင်အမျိုးသမီးအား အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့သည်ဆိုသည့် တိုင်ကြားစာလက်ခံရရှိခဲ့ပြီးနောက် အသင်းချုပ်၏ ထိပ်ပိုင်းအဖွဲ့ဝင်များ ယမန်နေ့ညက အရေးပေါ်အစည်းအဝေးခေါ်ခဲ့ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်သည်။(Myanmar Now၊ အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့တွင် ဖြစ်ပွားခဲ့သော တအာင်း (ပလောင်) လက်နက်ကိုင် အဖွဲ့ TNLA ကဖမ်းဆီးပြီးထောင် ၃နှစ်ချမှတ်ခဲ့သည့် ရှမ်းအမျိုးသမီး နန်းမိုဟွမ်ကို မကြာခင် ပြန်လွှတ်ပေးတော့မည်ဖြစ်ပြီး ထို သို့ ပြန်လွှတ်ပေးမည်မှာ တရုတ်နယ်စပ်အခြေစိုက် FPNCC အဖွဲ့မှ ကြားဝင်ဆောင်ရွက်ချက်အရ နန်းမိုဟွမ်မိသားစုဝင်၊ နမ့်ခမ်းမြို့ နယ် ရှမ်းလူမှုအဖွဲ့ အစည်းကိုယ်စားလှယ်များနှင့် TNLA တို့ အကြားဆွေးနွေးခဲ့ပြီး နောက် သဘောတူလိုက် ခြင်းဖြစ်သည်။(VOA၊ အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- အောက်တိုဘာလ ၈ ရက်နေ့ ကဖြစ်ပွားခဲ့သော ကြည့်မြင်တိုင်မြို့နယ်တွင် အသက်မပြည့်သေးသူကို သားမယားအဖြစ် ပြုကျင့်သူအား ဖမ်းဆီးရမိ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ က သတင်းထုတ်ပြန်ထားသည်။ (The Ladies News၊ အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- PSLF/TNLA မှ ဖမ်းဆီးသွားသည့် နန်းမိုဟွမ်အား ထောင်ဒဏ်(၃) နှစ်ချမှတ်ခဲ့ပြီး FPNCC ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ၏ ကြားဝင်စေ့စပ်မှုဖြင့် လွတ်ငြိမ်းချမ်း သာခွင့်ပေးရန်အတွက် တောင်းဆိုခဲ့သည့်အပေါ် TNLA အနေဖြင့် ကာလရှည်ကြာအတူတကွ နေထိုင်လာခဲ့သော တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးဆက်ဆံမှုကို ရှေးရှုကာ ပြန်လွှတ်ပေးရန်သဘောတူခဲ့သည်။ (FPNCC နှင့် နမ့်ခမ်းမြို့ နယ်လူမှုအဖွဲ့အစည်းများ ပူးတွဲထုတ် ပြန်ကြေညာချက် အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ အစည်းများအကြားနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ အစည်းများအချင်းချင်း အကြား ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယင်းပဋိပက္ခများဖြစ်ပေါ်လာစေရန် ဖန်တီးနေခြင်းများအတွက် အထူးစိုးရိမ်ပူပန်ကြောင်းနှင့် ထိုသို့လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသူများအားလုံးကို အပြင်းအထန်ရှုတ်ချကြောင်းနှင့် ထိုလုပ်ရပ်များရပ်တန့်ရန်အထူးလိုအပ်သည်ဟု ရှမ်းပြည်နယ်မှတိုင်းရင်းသူအမျိုးသမီးအဖွဲ့ အစည်းများဖြစ်သော လားဟူအမျိုးသမီးအစည်းအရုံး (LWO)၊ ပအိုဝ်းအမျိုးသမီးများသမဂ္ဂ(PWU)၊ ရှမ်းအမျိုးသမီးရေးရာဆက် သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း(SWAN)၊တအာင်းအမျိုးသမီးများအစည်းအရုံး(TWO)တို့မှ ထုတ်ပြန်ကြေညာခဲ့သည်။ (SWAN,TWO,WLB, အောက်တို ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- အောက်တိုဘာလ ၁၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Plan International Myanmar အဖွဲ့ အစည်းတို့ ပူးပေါင်းကာ ရန်ကုန်အမျိုသမီးများဖွံ့ ဖြိုးတိုးတက်ရေးကျောင်းတွင် ပြုလုပ်သွားပါသည်။(Mizzima၊ အောက်တိုဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- လန်ဒန်ဆရာတော် ဆရာတော် ဦးဥတ္တရ ဦးဆောင်သည့် ဥရောပ-မြန်မာ ဗုဒ္ဓသာသနာပြု အသင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သမ္မတဟောင်း ဦးထင်ကျော်တို့ ကို ကမ္ဘာ့ဂုဏ် ဆောင်အလင်းရောင်ဆုနှင့် အာရှဂုဏ်ဆောင်အလင်းရောင်ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့က ဗဟန်းမြို့နယ်ရှိတော်ဝင်နှင်းဆီခန်းမတွင် ပြုလုပ်ခဲ့သည်။

  နိုင်ငံတော်၏ အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကမ္ဘာ့ဂုဏ်ဆောင်အလင်းရောင်ဆု ပေးအပ်ချီးမြှင့်ခြင်းသည် ၎င်း၏ ယုံကြည်ချက်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး မည်သည့်မျှော်လင့်ချက်မျှ မပါဝင်ကြောင်း၊ ဂုဏ်ထူးဆောင်ပေးအပ်ပွဲ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သမ္မတဟောင်း ဦးထင်ကျော်တို့ ကိုယ်တိုင်ဆုလက်ခံရယူခြင်း မရှိသော်လည်း ဂုဏ်ပြုဆုများကို ၎င်းတို့ထံ ပေးပို့မည်ဖြစ်ကြောင်း ဆရာတော် ဦးဥတ္တရက မိန့်ကြား သည်။(7DayDaily၊ အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ရန်ကုန်တိုင်းဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုံ(၁)ရှိ တရုတ်နိုင်ငံသားပိုင်ဆိုင်သည့် FU YUEN (ဖုယွင်) အထည်ချုပ် စက်ရုံအနေဖြင့် ယခုနှစ် ဩဂုတ်လတွင်းတွင် စက်ရုံမှ အလုပ် သမား သမဂ္ဂ အဖွဲ့ဝင် ၃၀ အားအလုပ် ထုတ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး အလုပ်ပြန်ခန့် ပေးရေး အတွက် အလုပ်သမားများ ဆန္ဒထုတ်ဖော် တောင်းဆိုမှုအား အကြမ်းဖက်ဖြိုခွဲမှုဖြစ်ပွားခဲ့ရာ နေ့စဉ်အလုပ်ဆင်းနေသည့် အလုပ်သမားများထဲမှ ကျား(၁)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၉)ဦး တို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး တွင် ပြင်ပလူနာအဖြစ်လည်းကောင်း၊ စက်ရုံရှေ့နေ့စဉ်ဆန္ဒဖော်ထုတ်နေသူများထဲမှကျား(၁)ဦး၊ မ(၂၂)ဦး၊ စုစုပေါင်း (၂၃)ဦးတို့အား သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင်ပြသခဲ့ရာ အတွင်းလူနာ(၇)ဦးနှင့် ကျန်လူများမှာပြင်ပလူနာများအဖြစ်လည်းကောင်း ဆေးဝါးကုသမှုခံယူ လျက်ရှိသည်။ (The Union Daily၊ Yangon Media Group၊ ရောဝတီသတင်း၊ အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)
- ရန်ကုန်တိုင်း ဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စာရင်းစစ်ချုပ် အစီရင်ခံစာပါနိုင်ငံတော်၏ နစ်နာမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးနိုင်ရန် ရန်ကုန် စောင့်ကြည့်အရေးအဖွဲ့ တည်ထောင်သူ ဒေါက်တာ ညိုညိုသင်းက အောက်တိုဘာ ၁၂ ရက် က ကော်မရှင်သို့ တိုင်ကြားပြီး ထိုတိုင်ကြားစာအား ဥပဒေအတိုင်း ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။(ရောဝတီသတင်း၊ အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)
- မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွါးနေသည့် တိုက်ပွဲများအဆုံးသတ်ရေးနှင့် စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာမှု အကူညီပေးနိုင်ရေး ငြိမ်းချမ်းစွာတောင်းဆိုဆန္ဒပြခဲ့သည့် ကချင် တက်ကြွလှုပ်ရှားသူ Lum Zawng၊ ဒေါ်နန်ပူနှင့် ဦးဇော်ဂျတ်တို့ ၃ ဦးအပေါ် တရားစွဲဆိုထား သည်ကိုချက်ချင်းရုပ်သိမ်းပေးရန် Amnesty International ကတောင်းဆိုလိုက်ပါသည်။ (VOA၊ အောက်တိုဘာလ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)
- TNLA ပလောင်တပ်ဖွဲ့ကဖမ်းဆီးထိန်းသိမ်းပြီး ပြန်လွှတ်ပေးခဲ့တဲ့ နမ့်ခမ်းမြို့က နန်းမိုဟွမ်အား သက်ဆိုင်ရာ ဆွေမျိုးများထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကို ယနေ့မနက်က SSA/SSPP ရှမ်းပြည်တပ်မတော်ဌာနချုပ် ဝမ်ဟိုင်းတွင် ကျင်းပပါသည်။(DVB၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ကိုယ်လုံးတီးနှင့် တစ်ဝက်တစ်ပျက် ဝတ်စားထားသော ပုံ၊ ရင်သားပေါ်ပြီးကြည့်သူကို စူးစူးရဲရဲ ပြန်စိုက်ကြည့်နေသော အမျိုးသမီးပန်းချီကားပုံများကိုရေးဆွဲခဲ့သောမခြူးဝေငြိမ်းသည်အမျိုးသမီးများ၏ဂုဏ်သိက္ခာကိုပြန်လည်ရရှိနိုင်ရေးနှင့် မိရိုးဖလာ မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးသားများတောင်းဆိုနေသည့်အတိုင်း အိန္ဒြေသိက္ခာဖြင့် ငြိမ်ငြိမ်သက်သက် နေခြင်း၊ စူးစူးရဲရဲအကြည့်ခံရမည်၊ အအော်အဟောက်ခံရမည်၊ အပွတ်သပ်ခံရမည်၊ စော်ကား မှုများကို ငြိမ်ခံနေရမည်ဆိုသည့်အတွေးအခေါ်ကိုစိန်ခေါ်လိုမှုဖြစ်သည်ဟုဆိုသည်။ သူမ ဆွဲထားသည့် ပုံများသည် လိင်ဆွဲဆောင်မှုရှိကောင်းရှိနေမည်ဖြစ်သော်လည်း ပုံများကို သေချာ ကြည့်လျှင် မျက်လုံးများမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် မာကျောနေသည့်အတွက် သူတို့ကို မည်သူမှ မထိရဲဘူးဟု ၎င်းကဆိုသည်။ (Frontier Myanmar၊ အောက်တို ဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်ရှိ ယုဖွင် အထည်ချုပ်စက်ရုံအလုပ်သမားများ တရားမဲ့အလုပ်ထုတ်ခံရခြင်းကြောင့် သပိတ်မှောက်တောင်းဆိုတိုက်ပွဲဝင်နေသော အလုပ် သမားများကို ဖြိုခွင်းခဲ့ခြင်းနှင့်ပတ်သက်ပြီး အ[illegible] ကမ်းဖက်ခံရသောအလုပ်သမားများတွင် အမျိုးသမီးအလုပ်သမားများပါ အကြမ်းဖက်ရိုက်နက်ခံရသည့်အတွက် ပြည်သူ့အစိုးရဟု ကြွေးကြော်ထားသောအစိုးရလက်ထက်တွင် ထိုသို့လူမိုက်ရမ်းကားများဖြင့် အကြမ်း ဖက်တိုက်ခိုက်မှုများသည် အမျိုးသမီးများအတွက် လွန်စွာစိုးရမ်ထိတ်လန့်ဖွယ်ဖြစ်သည့်အတွက် ထိုအကြမ်းဖက်သမားများကို အရေးယူပေးရန် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကွန်ယက်က ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။(ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကွန်ယက်ထုတ်ပြန် ကြေညာ ချက်၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)
- မြန်မာနိုင်ငံတွင် ကာလကြာရှည်စွာဖြစ်ပွားပြီးယနေ့အထိ ချုပ်ငြိမ်းနိုင်ခြင်းမရှိသည့် ပြည်တွင်း စစ်ရပ်စဲရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ရည်ရွယ်ထုတ်ဝေလိုက်သည့် " ကျည်ဆံ တွေအစား ပန်းများပွင့်စေ" ဆိုသည့် တေးစီးရီးသစ်ကို တေးသံရှင်များက စတင်မိတ်ဆက်လိုက်ပြီး၊ အဆိုပါတေးအယ်လ်ဘမ်တွင် တေးသံရှင် ဖြူဖြူကျော်သိန်း ပါဝင်သီဆိုထားပြီး စီစဉ်ထုတ်လုပ်သူ Generation Wave အဖွဲ့သားများပါ သီဆိုထားသည်လည်း ဖြစ်သည်။(Mizzima၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)



http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

- ကုလသမဂ္ဂအတွင်းရေးမှူး၏အထူးကိုယ်စားလှယ် မစ္စခရစ္စတင်းရှယန်နာဘာဂီနာသည် ရခိုင်ပြည်နယ်သို့ လေးရက်ကြာသွားရောက်ပြီးနောက် ကချင်ပြည်နယ်သို့ အောက်တိုဘာ ၁၇ ရက်တွင် ပထမဆုံးအကြိမ် သွားရောက်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာ နဒုဝန်ကြီး ဦးစိုးအောင်က ပြောသည်။ (7DayDaily၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- မလှိုင်မြို့နယ် မန်ကျည်းပင်ပုရွာ ဆွမ်းလောင်းပွဲနှင့် ဗုဒ္ဓပူဇနိယပူဇော်ပွဲတွင် ရဟန်းသံဃာ များနှင့် ဒေသခံများကို ကြမ်းတမ်းစွာပြောဆိုကာ တုတ်၊ ဓားလက်နက်များဆွဲကိုင်ကာ ရန်ပြုခဲ့ သည်ဆိုသော အမျိုးသမီးရာအိမ်မှူး ဒေါ်ငွေငွေအပါအဝင် လူ ၄၂ ဦးကို ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ညစ်ညမ်းစွာဆဲဆိုမှု)၊ ပုဒ်မ ၂၉၅-က (ကိုးကွယ်ယုံကြည်မှုကိုစော်ကားမှု) တို့ဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့ ညနေပိုင်းက အမှုဖွင့်ပေးထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။(The Voice၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့တွင် ဖန်တီးအိမ်အဖွဲ့မှ ဦးဆောင်၍ နိုင်ငံရေးပါတီများမှ အမျိုးသမီးများ၊ ၁၀ အိမ်စုမှူး အမျိုးသမီးများနှင့် ဖန်တီးအိမ်အဖွဲ့မှ စွမ်းဆောင်ရည်မြင့် သင်တန်းသူများတွေ့ဆုံကာ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးအတွက် ဆွေးနွေး ခဲ့ကြောင်း သိရသည်။(ကမ္ဘောဇတိုင်း၊ အောက်တိုဘာလာ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီး ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအတွက် အမျိုးသမီး ခေါင်းဆောင်မှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (ရွှေဟသ်ာခန်းမ) ၌ ကျင်းပခဲ့သည်။ အဆိုပါ သင်တန်းသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ အမျိုးသမီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အမျိုးသမီး ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ စုစုပေါင်း (၄၆) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ မှာ (၂) ရက်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။(MOI၊ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- နိုဝင်ဘာလတွင် ပြုလုပ်မည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းပါဝင်မှု ယခင် ရွေးကောက်ပွဲများထက် လျော့နည်းနေသည်ဟု ဖန်တီးအိမ်အဖွဲ့ ဒါရိုက်တာ ဒေါ်ခင်လေးငယ်က ပြောသည်။ အောက်တိုဘာလ ၁၇ ရက်က Park Royal ဟိုတယ်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ်တို့ ပူးပေါင်းပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု၏ ကနဦး တွေ့ရှိ ချက်များ ရှင်းလင်းတင်ပြပွဲတွင် ပြောဆိုခြင်းဖြစ်သည်။ (ဧရာဝတီသတင်း၊ အောက်တိုဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးက ချမှတ်ခဲ့သည့် ကျား၊ မတန်းတူရေးဆိုင်ရာအခြေခံမူ ၄ ချက်သည် ကျား၊ မတန်းတူရေးများကို ဖော်ဆောင်နိုင်ရေးအတွက် လုံလောက်သော ထိရောက်မှုမရှိဟု အမျိုးသမီးများအဖွဲ့ ချုပ်(မြန် မာနိုင်ငံ) WLB မှ သုံးသပ်ထားသည့် သုံးသပ်ချက်စာတမ်းမိတ်ဆက်ပွဲ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှပြုလုပ်ခဲ့သည်။ (WLB၊ ဧရာဝတီသတင်း၊ အောက်တိုဘာ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ်တွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးများအား ငွေကြေး ထောက်ပံ့နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။ (MOI၊ အောက်တိုဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ကုလာဘာကျေးရွာတွင် အသက် ၁၃ နှစ်အရွယ် စတုတ္ထတန်းကျောင်းသူကို ဦးလေးတော်စပ်သူက အကြိမ်ကြိမ် အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည့်အတွက် ကျူးလွန်သူကို ဖမ်းဆီးစစ်ဆေးနေသည်ဟု ကျောက်ဖြူ မြို့မရဲစခန်းမှ သိရပါသည်။(DVB၊ အောက်တိုဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ကာကွယ်ခြင်းဆိုင်ရာ မူဝါဒတစ်ခုကို မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းက အများပြည်သူများသိရှိအောင် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရှင်း လင်းမိတ်ဆက်လိုက်ပါသည်။ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ ဆိုသည့် အပြုအမူများ စသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်ပြီး ဤမူဝါဒသည် အဖွဲ့ အစည်းဆိုင်ရာ မူဝါဒဖြစ်သော်လည်း အစိုးရဆိုင်ရာဌာန၊ လက်နက်ကိုင်အဖွဲ့ အစည်းများ၊ စီးပွားရေးလုပ်ငန်း စသည့် ကဏ္ဍများတွင်လည်း အသုံးပြုနိုင်သည့်မူဝါဒဖြစ်သည်။ ထို့အပြင် အဖွဲ့အစည်းအတွင်း တွင် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်ခံရသူများအနေဖြင့် လာရောက်တိုင်ကြားနိုင်ပြီး ကူညီဖြေရှင်းပေးရန်တောင်းဆိုခဲ့ပါကလည်း ကာကွယ်တားဆီးပေးမည်ဟုဆိုသည်။(Mizzima၊ အောက်တိုဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)

- ကုလသမဂ္ဂ၏ Food to Right စားနပ်ရိက္ခာရပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် Hilal Elver က မြန်မာနိုင်ငံဆိုင်ရာ တွေ့ရှိချက်များကို သောကြာနေ့ မနက်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံ တတိယကော်မတီအစည်းအဝေး၌ တင်ပြတော့မည်ဖြစ်ပြီး ထိုသို့ မတင်ပြခင် အင်္ဂါနေ့ တွင် နယူးရောက်ကုလသမဂ္ဂရုံးချုပ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ လယ်ယာ စိုက်ပျိုးမှုမှ စားသုံးသူလက်ထဲရောက်သည်အထိ စားနပ်ရိက္ခာနှင့် ပတ်သက်သည့် လုပ်ငန်း အဆင့်ဆင့်တွင် တောင်သူလယ်သမားများကြုံတွေ့နေရသည့်ပြဿနာများ၊ ဆင်းရဲမွဲတေမှု၊ မြေယာပိုင်ဆိုင်မှုပြဿနာများအပြင် အလုပ်သမားရပိုင်ခွင့်များအတွက် ILO ကမ္ဘာ့အလုပ် သမားအဖွဲ့ကြီးက အရေးယူဆောင်ရွက်ပြီးအကာကွယ်ပေးနေသည့်အထဲမှ အကာအကွယ် မရသည့် သူများအကြောင်း ဦးစားပေးတင်ပြမည် ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထိုအထဲတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမျိုးသမီးနှင့် ကလေးငယ်များ၊ ရွှေ့ပြောင်းလုပ်သားများ အကြောင်းကို ယခုနှစ်အတွက် အစီရင်ခံစာထဲတွင် အထူးတင်ပြဖို့ရှိသည်ဟု စားနပ်ရိက္ခာ ရပိုင်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Hilal Elver က ပြောပါသည်။ (VOA၊ အောက်တိုဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)

**နိုဝင်ဘာလ**

- ကချင်ပြည်နယ် တရုတ်မြန်မာနယ်စပ်တွင် ကချင်ခရစ်ယာန်အဖွဲ့ချုပ် KBC မှ ဓမ္မဆရာမတစ်ဦး အပါအဝင် ကချင်တိုင်းရင်းသား ၁၅ ဦးကို လွန်ခဲ့သော ၅ ရက်ခန့်က အစိုးရတပ်များမှ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီးနောက် ၃ ဦးကို ပြန်လည်လွှတ်ပေးလိုက်ပြီး ၁၂ ဦးကို ယနေ့အထိ ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က သိက္ခာတော်ရ ဆရာ တော် ဒေါက်တာ ခလမ်ဆမ်ဆွန်က RFA ကိုပြောပါသည်။(RFA၊ နိုဝင်ဘာလ ၁ ရက်နေ့၊ ၂၀၁၈ ခုနှစ်)

- (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအတွက် မြန်မာ့အရေးဆုံးဖြတ်ချက် မူကြမ်းကို အဓိကရေးဆွဲမည့် တတိယကော်မတီတွင် အောက်တိုဘာ ၃၀ က ကျင်းပသည့် လူမျိုးရေးအရ အစွန်းရောက်မှု၊ ခွဲခြားမှု ပပျောက်ရေးဆိုင်ရာဆွေးနွေးပွဲတွင် ရိုဟင်ဂျာ ပြဿနာ အကြပ်အတည်းနှင့်၊ ရိုဟင်ဂျာ အမျိုးသမီးများအပေါ် ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်က ပြန်လည်တုန့်ပြန်ပြောဆိုခဲ့သည်။ (VOA၊ နိုဝင်ဘာလ ၁ ရက်၊ ၂၀၁၈ ခုနှစ်)

- တိုင်းရင်းသူ ကချင်အမျိုးသမီး "ဆိုင်းရော" သည် လွန်ခဲ့သည့် ၁၃ နှစ်က အမေရိကန်ပြည်ထောင်စုတွင် ဒုက္ခသည်အဖြစ် လာရောက်အခြေချခဲ့ပြီး၊ သူနာပြုဘွဲ့ရရှိခဲ့ပြီးသည့်နောက် Texasပြည်နယ်အစိုးရရဲ့ကျန်းမာရေးဌါနဝန်ထမ်းတဦးအဖြစ် တာဝန်ထမ်းဆောင် နေသည့်အပြင် သူမသည်၂၀၁၂ ခုနှစ်မှစတင်ကာ အမေရိကန်ပြည်ထောင်စုတွင် ထူထောင်ခဲ့သော Kachin Alliance ကချင်မဟာမိတ်အဖွဲ့၏ လက်ရှိ တွဲဖက်ဒုတိယဥက္ကဌ အဖြစ် လည်းတာဝန်ထမ်းဆောင်ကာ တဘက်တွင် မြန်မာနိုင်ငံရှိ ကချင်စစ်ဘေးရှောင်များ အရေးနိုးကြားမှုရှိစေရန် အမေရိကန်လွှတ်တော်အပါအဝင် နိုင်ငံတဝှမ်း လိုက်လံဆောင်ရွက်လျက်ရှိသည်။(VOA၊ နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးချင်းလိင်တူလက်ထပ်ပွဲဖြစ်သော်လည်း မြန်မာ့ရိုးရာထုံးစမ်းအတိုင်း ဘိသိက် မြှောက်တောင်းရမ်းသည့် မင်္ဂလာပွဲတစ်ခု ပြည်မြို့၊ ပန်းတင်ရွာတွင် နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ပြီး ယခုကဲ့သို့ ထုံးတမ်းစဉ်လာအရ ပတ်ဝန်းကျင်ကို အသိပေးပြီး လက်ထပ်တောင်း ရမ်းခြင်းသည် ပြည်ဒေသတွင် ပထမဆုံးအဖြစ်တခုဟုပြော၍ရနိုင်ပြီး ၎င်းတို့နှစ်ဦးသည် လူမှု ကွန်ရက်တွင် တွေ့ရှိပြီးနောက် ချစ်ကြိုက်ခဲ့၍ တောင်းရမ်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ (The Voice၊ နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ဧရာဝတီတိုင်းအတွင်းတွင် ယခုနှစ်အတွင်း အကြမ်းဖက်အဓမ္မပြုကျင့်ခံရသူ အမျိုးသမီး ၅၀ ဦးကျော်ကို ကျပ်သိန်း ၁၉၀ နီးပါး အစိုးရမှ ထောက်ပံ့ပေးထားကြောင်း ယင်းတိုင်းအစိုးရ အဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ပြောကြားသည်။(The Voice၊ နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

- ဂျပန်နိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများသို့ သွားရောက်အလုပ်လုပ်ရမည် ဟုဆိုကာ သင်တန်းသားသင်တန်းသူ ၅၀ ဦးခန့်ထံမှ အနည်းဆုံး စရံငွေ ၁၅ သိန်းကျပ်စီ တောင်းယူထားသော ဂျပန်သင်တန်းကျောင်းတစုအား အမှုဖွင့်တိုင်ကြားထားကြောင်း မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) က နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။(The Ladies News/Yangon Media Group၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- နိုဝင်ဘာလ ၅ က်နေ့တွင်လာရောက်အမှုဖွင့်တိုင်ကြားထားသော မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်တွင်ဖြစ်ပွားခဲ့သော အသက် ၁၃ နှစ် အရွယ် အိမ်အကူမိန်းကလေးအား ညှဉ်းပန်း နှိပ်စက်မှုဖြင့် အိမ်ရှင်အား ဖမ်းဆီးအရေးယူထားသည်။ ညှဉ်းပန်းနှိပ်စက်ခံနေရသည့် အိမ်အကူမိန်းကလေးမှာ အိမ်ရှင်အမျိုးသမီးက မီးပူဖြင့်ကပ်ခဲ့သောကြောင့် ညာဒူးတွင် ညိုမဲ ဒဏ်ရာရရှိထားပြီး လက်နှစ်ဖက်တွင် ရရှိထားသည့် ပြတ်ရှဒဏ်ရာများမှာ ဓားဖြင့်မွှန်းခံခြင်း၊ ကျောတွင်ရရှိသည့် ညိုမဲဒဏ်ရာမှာ ရေနွေးပူဖြင့်လောင်းခံရပြီး ဦးခေါင်းချိုစောင်း နှစ်ဖက်ရှိ ပြတ်ရှဒဏ်ရာများမှာ ဓားဖြင့်ခုတ်ခံရကြောင်း သိရှိရပြီး အင်းစိန်ဆေးရုံသို့ တင်ပို့ကုသထားရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။(Yangon Media Group၊ The Voice၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)
- မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် အသက် ၈ နှစ်အရွယ် ပထမတန်းကျောင်းသူ တဦးအား မုဒိန်းကျင့် ရေနစ်အသတ်ခံရမှုနှင့် ပတ်သက်၍ အသက် ၁၃ နှစ်အရွယ် အကိုဖြစ်သူအား သံသယမှုဖြင့် ဇေယျာသီရိနယ်မြေရဲစခန်းက နိုဝင်ဘာလ ၂ ရက်တွင် ခေါ်ယူထိန်းသိမ်းထားသည်ဟု မိသားစုဝင်များထံမှ သိရသည်။(ရောဝတီသတင်း၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- နယ်သာလန်နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီး Sigrid Kaag ၏ ယခုသတင်းပတ်အတွင်း မြန်မာနိုင်ငံ ခရီးစဉ်တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး ရိုဟင်ဂျာ ဒုက္ခသည်များ အရေးဆွေးနွေးမည်ဟု နယ်သာလန် အစိုးရက သတင်းထုတ်ပြန်ထားပါသည်။(VOA၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- တရုတ်နိုင်ငံသားနှစ်ဦး၏မယားအဖြစ်ရောင်းစားခံရသောကိုယ်ဝန်ဆောင်တစ်ဦးအပါအဝင်မြန်မာအမျိုးသမီးနှစ်ဦးကို တရုတ်က မြန်မာသို့လွှဲပေးပြီး လူကုန်ကူးသူအမျိုးသမီးကို ဖမ်းဆီးထားသည်။ (7DayDaily၊ နိုဝင် ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)
- စင်ကာပူနိုင်ငံ စင်ကာပူအမျိုးသားတက္ကသိုလ်(National University of Singapore) သည် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ကဏ္ဍနယ်ပယ် အသီးသီး၌ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် လူမှုရေးပရဟိတ အရည်အသွေးများကို အောင်မြင်စွာ စွမ်းဆောင်ပြသနိုင်သည့် ထူးချွန် ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား ''အောင်မြင်ကျော်ကြား "စီးပွားနှင့်လူမှု ထူးချွန်ကျောင်းသားဆု""(Eminent Business Alumni Award 2018) ရွေးချယ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ အဆိုပါ ဆုချီးမြှင့်ပွဲကို စင်ကာပူနိုင်ငံ Conrad Centennial Singapore ၌ နိုဝင်ဘာ ၇ ရက် ညနေတွင် ကျင်းပခဲ့သည်။(Myanmaalinn၊ နိုဝင်ဘာ ၈ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံအတွင်း၌ လူကုန်ကူးမှု ဒုတိယအများဆုံးဖြစ်ပေါ်လျက်ရှိသောဒေသမှာ ရန်ကုန် တိုင်းဒေသကြီးဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနကဖော်ပြသည်။ ပြီးခဲ့သည့် ၁၀ လအတွင်း မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်ခဲ့သည့် လူကုန်ကူး မှုဖြစ်စဉ်များအား ခွဲခြမ်းလေ့လာကြည့်ပါက ရှမ်းပြည်နယ်သည် လူကုန်ကူးမှုအများဆုံးဖြစ်ပေါ်သည့် ဒေသဖြစ်ခဲ့ကာ ဒုတိယနေရာ၌ ရန် ကုန်တိုင်းဒေသကြီး၊ တတိယနေရာ၌ မန္တလေးတိုင်းဒေသကြီး၊ စတုတ္ထနေရာ၌ ကချင်ပြည်နယ်တို့က အစဉ်အလိုက်ရပ်တည်ခဲ့ကြောင်း တွေ့ရှိခဲ့ရ သည်။ ဖြစ်ပွားခဲ့သည့် လူကုန်ကူး မှုများထဲ တွင် ပြည်ပနိုင်ငံများသို့ ရောင်းချမှုများသာမက ပြည်တွင်း၌ အတင်းအကျပ်ခိုင်းစေရန် ရည်ရွယ်သော လူကုန်ကူးမှုများလည်း ပါဝင်ခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။(The Union Daily၊ နိုဝင် ဘာလ ၈ ရက် ၂၀၁၈ ခုနှစ်)

- နိုင်ငံတော်၏ အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန် ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာဆွန်ကော်ရှန်းတို့ နိုဝင်ဘာ ၉ ရက်က နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန် လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် တရုတ်နိုင်ငံမှ အပြုသဘောဆက်လက်ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်ဟု နိုင်ငံတော် အတိုင်ပင်ခံရုံးက သတင်း ထုတ်ပြန်သည်။ (7DayDaily၊ နိုဝင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ နမ့်မားကျေးရွာအနီးတွင် ယနေ့ နိုဝင်ဘာလ ၁၁ ရက်၊ နံနက်ပိုင်းက မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်စီးလာသူ အမျိုးသမီး ၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ (ကမ္ဘောဇ တိုင်း၊ နိုဝင်ဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ယနေ့ပြုလုပ်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ကာကွယ်ရေး ဆွေးနွေးပွဲ၌ လှိုင်သာယာမြို့နယ်တွင် တရက်လျှင်သက်ငယ်မုဒိမ်းမှုပေါင်း ၂ မှုမှ ၃ မှုအထိ ဖြစ်ပွားနေသည်ဟု win win အမျိုးသမီးကူညီမှုအသင်းဥက္ကဌ ဒေါ်ကေသီဝင်းကပြောဆိုခဲ့ပြီး လှိုင်သာယာမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုကလည်း လှိုင်သာ ယာမြို့နယ်သည် သက်ငယ်မုဒိန်းမှု အများဆုံး အခြေအနေတွင် ရှိနေသည်ဟုပြောပါသည်။(DVB၊ နိုဝင်ဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- မြန်မာနိုင်ငံတွင်ရှိသည့် အမျိုးသမီးဦးရေ၏ လေးဆယ်ရာခိုင်နှုန်းကျော်သာ အသေးစားနှင့်အလတ်စား လုပ်ငန်းများထဲတွင် ပါဝင်လုပ်ကိုင်နေပြီး ထိုအထဲတွင် စွန့်ဦးတီထွင် လုပ်ကိုင်သူ ဆယ်ရာခိုင်နှုန်းသာရှိသည့်အတွက် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများထဲတွင်ပါ ပိုမိုပါဝင်လာ နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်များတွင်ပါ ခြေလှမ်းနိုင်ရန်အတွက် ဆောင်ရွက်နေ သည်ဟု အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် UNIDO တို့ ပူးပေါင်းပြုလုပ်သော SME လုပ်ငန်းများတွင် အမျိုးသမီးပါဝင်လာနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စက်မှုကြီးကြပ်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။ (7DayDaily၊ နိုဝင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)
- Amnesty International နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်ခဲ့သည့် Ambassador of Conscience Award ခေါ် လူ့အခွင့်အရေးဆုကို နိုဝင်ဘာ ၁၂ ရက်နေ့က ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာလိုက်ပါသည်။ နိုဝင်ဘာ ၁၁ ရက်နေ့က AI ၏ အထွေထွေအတွင်းရေးမှူးချုပ် ကုမိနိုင်ဒူး က ၂၀၀၉ ခုနှစ်က ချီးမြှင့်ခဲ့သည့် ထိုဆုကို ပြန်ရုပ်သိမ်းလိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ထံ စာရေးအကြောင်းကြားခဲ့ပါသည်။(VOA၊ နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲ ပထမအဆင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ယမန်နေ့ညနေက ယှဉ်ပြိုင်ရာ မြန်မာအမျိုးသမီး အသင်းမှ ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရသွားပါသည်။(DVB၊ နိုဝင်ဘာလ ၁၄ ဂုက်၊ ၂၀၁၈ ခုနှစ်)

- ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှကြီးမှူး၍ သက်ငယ်မုဒိမ်းပပျောက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ဒေါ်ငံခါးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ ပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး၊ မြို့နယ် ဥပဒေအရာရှိနှင့် ဒီးမော့ဆိုမြို့နယ် Care Myanmar စီမံချက်အရာရှိတို့က သက်ငယ် မုဒိမ်းဖြစ်နေသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ မြို့နယ်အတွင်း ဖြစ်ပွားခဲ့ သော သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များ၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ ဥပဒေ အကြောင်းအရာ သိမှတ်ဖွယ်ရာများ၊ ကြိုတင်ကာကွယ်ရေး၊ ပံ့ပိုးကူညီဆောင်ရွက်ချက်များ၊ ကိုယ်ကျင့်တရားနှင့် လူမှုပတ်ဝန်းကျင် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ (MOI၊ နိုဝင်ဘာလ ၁၄ ရက်၊ ၂၀၁၈ ခုနှစ်)

- မန္တလေးတိုင်း သာစည်မြို့နယ် ကျေးရွာတစ်ရွာတွင် ကျူရှင်ဆရာက အသက် ၁၃ နှစ်အရွယ် အဋ္ဌမတန်းကျောင်းသူကို မုဒိမ်းကျင့်ခဲ့သည်ကို ကိုယ်ဝန်လေးလခန့်ကြာပြီးနောက် သိရှိခဲ့သည့် အတွက် နိုဝင်ဘာ ၁၄ ရက်နေ့က အမှုလာရောက်ဖွင့်လှစ်ခဲ့ကြောင်း သာစည်မြို့မရဲစခန်းထံမှ သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အဋ္ဌမတန်းကျောင်း သူကို သားမယားပြုကျင့်ခဲ့သူဟု တိုင်ကြားခံရသူ ကျူရှင်ဆရာ စိုးသူအောင်(၂၆ နှစ်) ကို သာစည်မြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၆၃/ ၃၇၆ တို့ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။(The Voice၊ နိုဝင်ဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုတွန်းလှန် တိုက်ဖျက်ရေးနေ့ကျင်းပနိုင်ရန် အတွက်အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ဖရူဆိုမြို့ လူထုဗဟိုပြုစီမံကိန်းရုံးတွင် ကျင်းပခဲ့ရာ ကယားပြည်နယ်


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

လူထုဗဟိုပြုစီမံကိန်း ကျား-မရေးရာ တာဝန်ခံဒေါ်သန္တာစိုး၊ ဖရူဆိုမြို့နယ် လူထုဗဟိုပြု စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ဘော လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့ နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့တာဝန်ခံနှင့် ဝန်ထမ်းများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (The Union Daily၊ နိုဝင်ဘာ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ပြီးခဲ့သော ရက်ပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နှင့် ၁၂မိုင်ကွာဝေးသည့် လားရှိုး-နမ္မတူ သွားကားလမ်း မကြီးဘေး မန်ပြိန်းအထက်ကျေးရွာအနီးတွင် ရှမ်းပြည်ပြန်လည်ထူ ထောင်ရေး ကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့များနှင့် တအာင်းပြည်နယ် လွတ်မြောက်ရေးတပ်ဦး (TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်(SSPP /SSA) ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ အသက်(၆၀) အရွယ် ဒေါ်မာလွတ်သည် တောင် ယာမှ စပါးရိတ်ပြီးပြန်လာချိန်တွင် သေနတ်ထိမှန်သေဆုံးခဲ့သည်။ (ဒီဗွီဘီ၊ နိုဝင်ဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)
- ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာမှာ သမီးအရင်းကို အဓမ္မပြုကျင့်ပြီး ကိုယ်ဝန်နှစ်ကြိမ် ဖျက်ချ ခိုင်းသူတဦးကို နိုဝင်ဘာ ၁၈ ရက် ညနေက ဖမ်းဆီးခဲ့သည်ဟု နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်ညွှန့်ဝင်းက ပြောသည်။ အဓမ္မပြုကျင့်သူ ဖခင်မှာ အသက် ၅၆ နှစ် အရွယ်ရှိပြီး သမီးမှာ ၁၈ နှစ်အရွယ်ဖြစ်ပါသည်။ (DVB၊ နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)

- နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ ကျား၊မ အခြေပြု အကြမ်း ဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုကို တကမ္ဘာလုံးတွင်ကျင်းပပြုလုပ် သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၁၆ ရက်တာ လှုပ်ရှားမှု လုပ်ငန်းအဖွဲ့က ဦးဆောင်ကာ ထာဝရ ဖဲကြိုးဖြူ ရုပ်ရှင်ပွဲတော်၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်၊ တေးသီချင်းများ၊ သရုပ်ဖော် ဇတ်လမ်းတိုများ၊ ပြခန်းများနှင့် လူထုအသိပညာပေးလှုပ်ရှားမှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါ ထာဝရဖဲကြိုးဖြူ ရုပ်ရှင်ပွဲတော်ကို မန္တလေး၊ တောင်ကြီး၊ စစ်တွေ၊ ဘားအံတို့တွင် ပြုလုပ်သွား မည်ဖြစ်သည်။ ၁၆ ရက်တာလှုပ်ရှားမှုလုပ်ငန်းအဖွဲ့ဝင်တွင် အဖွဲ့ဝင်(၃၉)ခုပါဝင်သည်။ (၁၆ ရက်တာ လှုပ်ရှားမှုအဖွဲ့ထုတ်ပြန်ကြေညာချက်၊ နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)
- မန္တလေးမြို့တွင် အိမ်ရှင်က အသက်မပြည့်သေးသော အိမ်အကူအမျိုးသမီးအား အက်စစ်ဖြင့် ပက်ခြင်းကြောင့် မျက်လုံးတစ်ဖက်ကွယ်ကာ မျက်နှာတစ်ခြမ်း ပျက်စီးခဲ့ပြီး ရှစ်နှစ်ခန့်ကြာ ပိတ်လှောင်ထားခြင်းခံခဲ့ရသည့် အမှုကို မန္တလေးခရိုင် တရားရုံးက နိုဝင်ဘာ ၁၉ ရက်နေ့တွင် လူကုန်ကူးမှုဖြင့်သာ စွဲချက်တင် အမိန့်ချခဲ့သည်။ အိမ်အကူ မနန်းမေဇင်ဦးသည် လက်ရှိအချိန်တွင် အသက် ၂၄ နှစ်ရှိပြီဖြစ်ပြီး အသက် ၁၄ နှစ်အရွယ် ၂၀၀၈ ခုနှစ်က အလုပ်ရှင်ထံတွင် အိမ်အကူ စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် အက်စစ်ဖြင့် အပက်ခံရပြီးနောက် ယခုနှစ် ဖေဖော်ဝါရီလအထိ ပိတ်လှောင်ခံခဲ့ရခြင်း ဖြစ်သည်။(ဧရာဝတီသတင်း၊ နိုဝင်ဘာလ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ပန်ကူကျေးရွာအုပ်စု ပန်ကူဒုက္ခသည်စခန်းမှ ရက်သားကလေးငယ်နှင့် မိခင်အပါအဝင် လူ ၅ ဦးကို နိုဝင်ဘာ ၂၀ ရက်နေ့ နေ့လယ် ၁၁ နာရီ ကျော်တွင် မြန်မာ့တပ်မတော် ကွတ်ခိုင်အခြေစိုက်တပ်ဖွဲ့မှ လာရောက်ခေါ်ဆောင်သွားသည် ဟုရွာခံများက ဘီဘီစီကိုပြောပါသည်။(ဘီဘီစီ၊ နိုဝင်ဘာလ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)
- လုံခြုံငြိမ်းချမ်းမှုရှိသော ဘဝတွင်နေထိုင်နိုင်ရန် စိန်ခေါ်မှုများတိုး၍ရင်ဆိုင်နေရပြီး အကြမ်းဖက်မှုကို အားပေးနေသည့် အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒတို့၏ ဘေးအန္တရာယ် ဆိုးများမှ ကျော်လွှားနိုင်ရေးလုပ်ဆောင်ရန်လိုအပ်သ ည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကနေပြည်တော်၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပ သည့်ဘာသာ ပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးပိုင်းသို့ တက်ရောက်မိန့်ခွန်း ပြောကြား သည်။(7DayDaily၊ နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်မှခေါ်ဆောင်သွားသည့် ရွာသား ၉ ဦး အနက် ၂ နှစ်အရွယ် ကလေးတဦး၊ ၁၅ရက်သား ကလေးငယ်တဦးနှင့် ၎င်းတို့၏ မိခင် အပါ အဝင် အမျိုးသားတဦး အမျိုးသမီးတဦး စုစုပေါင်း ၅ ဦးတို့ကို ပြန်လွှတ်လိုက်ကြောင်း သတင်းရသည်။ (ဧရာဝတီသတင်း၊ နိုဝင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)
- ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆုကို မြန်မာအမျိုးသမီးစာရေးဆရာမ သုံးယောက်ဆွတ်ခူးခဲ့ရာ ကဗျာဆုကို မနီတာမှ အင်းဝသို့ ရင်ခုန်ခြင်း ကဗျာစာအုပ်ဖြင့်၎င်း၊ ပါလေရာအယ်နီဖြင့် က လေးစာပေဆုကို စံပယ်ဖြူနက၄င်း၊သူမသည် ကချင်ပြည်နယ်စစ်ပွဲများအကြောင်းကို မြောက်ဖျားကအလွမ်းရာသီဝတ္ထုဖြင့် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုရှည်ဆုရရှိခဲ့သည်။ အင်္ဂလိပ်ဘာသာသုသစာပေဆုကို ဒေါက်တာခင်လကျာ်၏ Burma's Fate စာအုပ်တို့ ကရရှိခဲ့သည်။(ဘီဘီစီ၊ နိုဝင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- SWAN ရှမ်းအမျိုးသမီးလှုပ်ရှားမှုကွန်ယက်အနေဖြင့် (၁၆) ရက်ကြာ လှုပ်ရှားမှုတခု စတင် လုပ်ဆောင်လိုက်ပြီး ရှမ်းပြည်နယ်တွင်း စစ်ပွဲများအတွင်း အမျိုးသမီးများ ခံစားနေရသည့် အရာများကို ထုတ်ဖော်သွားမည်ဟု ကြေညာ ချက်ထုတ်ပြန်လိုက်ပြီး ၎င်းတို့၏ ကြေညာချက်ထဲတွင် Why No Women "အမျိုးသမီးတွေ ပါဝင်ခွင့် ဘာကြောင့် မပေးရတာ လဲ" ဟု ဆိုသည့် လှုပ်ရှားမှုကို နိုဝင်ဘာ (၂၅)မှ ဒီဇင်ဘာ (၁၀) ရက်အထိ ပြုလုပ်သွား မည်ဖြစ်ပြီး လူမှုကွန်ယက်မီဒီယာကို အသုံးပြုတင်ပြသွားမည်ဟု ဆိုသည်။ (VOA၊ နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)
- ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် သမိုင်းဘူတာရုံလမ်းရှိတိုက်ခန်း တစ်ခုတွင် ပြည်ပနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် တရားမဝင် လူစုဆောင်းကြောင်း သတင်းရရှိ၍ ဝင်ရောက်စစ်ဆေးခဲ့ရာ လုပ်ငန်းလိုင်စင် ရာသက်ပန်ပိတ်ထားသည့် General International ကုမ္ပဏီက အနယ်နယ်အရပ်ရပ်မှ မိန်းကလေး ၃၈ ဦးကို စင်ကာပူ၊ မလေးရှားနှင့် ဂျပန်နိုင်ငံများသို့ စေလွှတ်ရန် စုဆောင်းခဲ့ခြင်းကြောင့် ယင်းကုမ္ပဏီပိုင်ရှင်ကို အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် အမှုဖွင့်ခဲ့ကြောင်း အစိုးရပိုင် သတင်း ဌာနများက သတင်းထုတ်ပြန်သည်။ (The Ladies News၊ နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB နှင့် ၎င်း ၏အဖွဲ့ဝင်များဖြစ်သော တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (Women for Justice) နှင့် ကူကီး အမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး (KWHRO) တို့မှ နိုင်ငံတကာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့အ ခမ်းအနားကိုကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ အစိုးရဝန်ထမ်းများ၊ မသန်စွမ်းသူ တစ်နည်း အားဖြင့် သန်စွမ်းသူများ၊ ကျောင်းသူကျောင်းသားများ လူဦးရေ ၅၀၀ ကျော်တက်ရောက်ခဲ့ သည်။ ညနေပိုင်းတွင်လည်း sticker campaign ကို ကလေးမြို့လမ်းဆုံတွင် ပြုလုပ်သွား သည်။ (WLB၊ နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)
- မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ အကြမ်းဖက်ခံရမှု ကျယ်ကျယ်ပြန့်ပြန့် လက်ခံဖြစ်ပေါ်နေမှု အပေါ် အလွန်အမင်း စိုးရိမ်ကြောင့်ကြမှုဖြစ်ရကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံရုံး(EU) က နိုဝင်ဘာ ၂၅ တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။(မြန်မာတိုင်းမ်၊ နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးများအကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးရန် ဥပဒေကြမ်းရေးဆွဲနေရာ ထိုဥပဒေ ကြမ်းကို တည်းဖြတ်ပြင်ဆင်ရာတွင် ကျား၊မရေးရာနားလည် တတ်ကျွမ်းသူများ အကြံပြုခွင့်မရှိ ကြောင်း အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က ယမန်နေ့တွင်သတင်းထုတ်ပြန်သည်။ (7DayDaily၊ နိုဝင်ဘာလ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်)
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး၁၆ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကိုနေပြည်တော်၌ ကျင်းပရာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင် ရာများမှ အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်း များမှ တာဝန်ရှိသူများ၊ အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (Myanmaalinn၊ နေပြည်တော် နိုဝင်ဘာ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်)
- အမျိုးသားများအနေနှင့် အမျိုးသမီးများအပေါ် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် လိင်ပိုင်းဆိုင်ရာအရ အကြမ်း ဖက်မှုများ ရှိနေရာ အမျိုးသားဦးရေထက်လူဦးရေ ပိုမိုများသော မြန်မာနိုင်ငံတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုမပြုဘဲ တန်းတူအခွင့်အရေးပေးရမည်ဖြစ်ကြောင်း၊ ထိလွယ်ရှလွယ်သူများဖြစ်သည့် အမျိုးသမီးနှင့်ကလေးများကိုအကာကွယ်ပေးခြင်းသည် တိုင်းပြည်ကို အကာအကွယ်ပေးခြင်းပင်ဖြစ်ကြောင်း မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မန္တလေးမြို့တွင် ယနေ့ (နိုဝင်ဘာလ ၂၈ ရက်) ကပြုလုပ် သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။(The Voice Myanmar၊ နိုဝင်ဘာလ ၂၈ ရက်၊


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

၂၀၁၈ ခုနှစ်)

- ၂၀၁၈ ခုနှစ်တွင် သက်ငယ်မုဒိမ်းမှုများ ပိုမိုများပြားလာကြောင်း၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဆောင်ရွက်ပေးခဲ့ရသည့် အကြမ်းဖက်မှုများမှာ သက်ငယ်မုဒိမ်းမှု ၂၅၅ မှုနှင့် သက်ကြီးရွယ်အို ၅၄ မှုရှိသည့် အတွက် သက်ငယ်မုဒိမ်းမှုက ပိုမိုများပြားနေသည်ကို တွေ့ရှိရမည်ဖြစ်သည်ဟု လူဝင်မှုကြယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးစိုးအောင်က နိုဝင်ဘာလ ၂၆ ရက် နေပြည်တော်တွင်ပြု လုပ်သည့် အမျိုး သမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနား အဖွင့်မိန့် ခွန်းတွင် ပြောကြားခဲ့သည်။ (Mizzima၊ နိုဝင်ဘာ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်)

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရှိအမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေး ညှိနှိုင်းမှုဖြစ်စဉ် အဆင့်တိုင်းတွင် ဦးဆောင်သူများ၊ ဆုံးဖြတ်ချက် ချမှတ်နိုင်သူများအဖြစ် ပိုမိုပါဝင်လာနိုင်စေရန်နှင့် နိုင်ငံရေးဆွေးနွေးမှုများမှ ပေါ်ထွက်လာသော မူဝါဒများနှင့် အခြေခံမူများသည် အမျိုးသမီးများ၏ လိုအပ်ချက်များကို ပိုမိုထင်ဟပ်လာစေရန် ရည်ရွယ်ချက်များဖြင့် "ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအစီအစဉ်" ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို NCA-S- EAO အမျိုသမီးခေါင်းဆောင်များမှ ဦးဆောင်ကာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ မှ ၃၀ ထိ ပြုလုပ်ခဲ့သည်။ (NCA-S EAO Facebook၊ နိုဝင်ဘာ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ပါတီနှင့် တိုင်းရင်းသားအမျိုးသမီးညီလာခံကို အမေရိကန်အခြေစိုက် Carter Center နှင့် WLB အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)တို့ မှ ပူးတွဲကျင်းပခဲ့ပြီး လက်ရှိလုပ်ကိုင်နေသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုနှင့် လက်ရှိနိုင်ငံရေးပါတီများ၏ မူဘောင်သဘောထားများကို ဆွေးနွေးခဲ့ကြသည်။ လက်ရှိ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ယခုထက် ပိုမိုပါဝင်လာနိုင်ရန် အခွင့်အလမ်းများ ပေးသင့်သည်ဟု Carter Center က ထောက်ပြလိုက်ပြီး ယခုကဲ့သို့ အမျိုးသမီးများ ပါဝင်မှု အားနည်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နှစ်ရှည်ကြာနေသည့် တိုင်းရင်းသား ပြဿနာများကို အမှန်တကယ်ဖြေရှင်းနိုင်မည်လားဆိုသည်ကိုလည်း WLB အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)က မေးခွန်းထုတ်ခဲ့ပါသည်။ (VOA၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)

- လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အသက်အရွယ်ကို ၁၈ နှစ်မပြည့်သော်လည်း ခွင့်ပြုသင့်ကြောင်းနှင့် ဓလေ့ထုံးစံအတိုင်း လက်ထပ်နိုင်ကြောင်း ယနေ့ ပြည်သူ့လွှတ်တော်တွင် ဆုံးဖြတ်လိုက်ပါသည်။ (RFA၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှတာဝန်ယူခဲ့သော အာဆီယံအမျိုးသမီးများအဖွဲ့အစည်း ASEAN Confederation & Women Organization (ACWO) ဥက္ကဋ္ဌ တာဝန်ကို စင်ကာပူနိုင်ငံအမျိုးသမီးရေးရာဥက္ကဋ္ဌ သို့ တာဝန်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နေပြည်တော်တွင်ကျင်းပရာ၊ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်ထိ နှစ်နှစ် တစ်ကြိမ် အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် MWAF ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က စင်ကာပူနိုင်ငံ အမျိုးသမီးရေးရာဥက္ကဋ္ဌသို့ အဆိုပါ တာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ (The Union Daily၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)

- သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ ၁၀၃ နှစ်မြောက်မွေးနေ့ အထိမ်း အမှတ်ပွဲကို အမရပူရမြို့နယ်၊ တောင်လေးလုံးကျောင်းတိုက်တွင် ယနေ့ ကျင်းပခဲ့သည်။ (RFA၊ နိုဝင်ဘာလ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)

**ဒီဇင်ဘာလ**

- အသက် (၁၂) နှစ်အောက် မိန်းကလေးများကို မုဒိမ်းမှုကျူးလွန်ပါက ထောင်ဒဏ်နှစ် ၂၀ မှ ထောင်ဒဏ်တစ်သက် လွတ်ရက်မရှိ ချမှတ်နိုင်မည့်ဥပဒေ ကြမ်းကို ယမန်နေ့က ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် အတည်ပြုခဲ့သည်။ (7DayDaily၊ ဒီဇင်ဘာလ ၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ပြီးခဲ့သည့်နိုဝင်ဘာ၂၈ရက်ကပြည်သူ့လွှတ်တော်တွင်ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပ ဒေကြမ်းပါ ၁၈ နှစ်ပြည့်ပြီးမှ ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်မည့်ပြဋ္ဌာန်းချက်သည် တည်ဆဲဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့် မညီညွတ်၍ ပယ်ဖျက်ခြင်းဖြစ်ကြောင်း အတည်ပြုခဲ့မှုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပောင်း ဖြစ်သူ ဒေါ်ခင်ဝိုင်းကြည်က ရာနှုန်းပြည့်ကန့်ကွက်ကြောင်း ပြောကြားလိုက်သည်။ (The Union Daily၊ ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာမြို့အနောက် ကွင်းချောင်းရေလှောင်တမံအနီး ဝဥတူးဖော်နေသည့် တဲအိမ်စု တစ်စုတွင် နိုဝင်ဘာ ၁၅ ရက်နေ့ညနေ ၆ နာရီခန့်က တစ်ရွာတည်းနေ ဦးလေးဖြစ်သူက အသက် ၁၆ နှစ်အရွယ်ကို အလိုမတူဘဲ အဓမ္မပြုကျင့်သည့်အမှုအား ညောင်ပင်သာနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အမှုဖွင့်လုစ် ဖမ်းဆီးစစ်ဆေးဆောင်ရွက်နေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။(The Voice၊ ဒီဇင်ဘာလ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- "HOPE CHARITY MYANMAR FOUNDATION" ၏ (၅) နှစ်ပြည့် နှစ်ပတ်လည်နှင့်အတူ လူမှုအကျိုးပြု ပရဟိတ တထူးချွန်ဆု "Hope Charity Icon Award" နှင့် လူမှုအကျိုးပြု ပရဟိတ ဂုဏ်ထူးဆောင် သံအမတ်ဆု (Hope Charity Amdassador Award) ချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ (၃) ရက်နေ့က ရန်ကုန်၊ Sky Star Hotel မှာ ကျင်းပခဲ့ပြီး ထိုပွဲတွင် သရုပ်ဆောင် ဝေဠုကျော် (ဝေဠုကျော် ဖောင်ဒေးရှင်း)၊ မိုခမ်း (M.R.C.S) နှင့် ခိုင်နှင်းဝေ (ခိုင်နှင်းဝေ ဖောင်ဒေးရှင်း) တို့က ရရှိဆွတ်ခူးသွားခဲ့ကြသည်။ (7DayDaily၊ ဒီဇင်ဘာ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နွားထိုးကြီးမြို့နယ်တွင် 'အမျိုးသမီးများအသံနားထောင်လို့ ဖွံ့ဖြိုးမှုဦး စားပေးအစီအစဉ်များ ဆောင်ရွက်စို့'ဟူသောဆောင်ပုဒ်ဖြင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနလူထုဗဟိုပြုစီမံကိန်းက မြို့နယ်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် ပွဲကိုကျင်းပခဲ့သည်။(The Union Daily၊ ဒီဇင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဗဟိုမှ ဦးဆောင်ကျင်းပသည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ် ၁၆ ရက်တာ လှုပ်ရှားမှုလူထုလမ်း လျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။ (Myanmaalinn၊ ဒီဇင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် ကျန်းမာရေး၊ ပညာရေး ဆောင်ရွက်ပေးနေကြသူများအနေဖြင့် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို မြှင့်တင်ဆောင် ရွက်နိုင်ကြစေရန် ထိုင်း-မြန်မာနယ်စပ်အခြေစိုက် မယ်တော်ဆေးခန်း တည်ထောင်သူ ဒေါက်တာ စင်သီယာမောင်က မယ်တော်ဆေးခန်းတွင်ကျင်းပသော သူမ၏ ၅၉နှစ်ပြည့် မွေးနေ့ပွဲ၌ တိုက်တွန်းလိုက်သည်။(KIC၊ ဒီဇင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်နေသော ကျောက်မီးသွေးသုံး ဘီလပ်မြေစက်ရုံကို ကန့်ကွက်ခဲ့ခြင်းကြောင့် အိမ်ထောင်ဦးစီးများဖမ်းဆီးခံရပြီး ထောင်ကျနေသည့်အတွက် စားဝတ်နေရေးခက်ခဲခြင်းကို အစိုးရတာဝန်ရှိသူများ သိစေလိုသောရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ ဈေးချိုတော်၌ ၄င်းတို့၏ မိသားစုဝင်အမျိုးသမီးလေးဦးက တောင်းရမ်း အလှူခံသော လှုပ်ရှားမှုတစ်ခုကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။(The Union Daily၊ ဒီဇင်ဘာလ ၆ ရက် ၂၀၁၈ ခုနှစ်)
- ပြည်မြို့တွင် ဒုတိယအကြိမ် ဓလေ့ထုံးထမ်းများအတိုင်း အမျိုးသမီးချင်း လိင်တူလက်ထပ် မင်္ဂလာပွဲကို ဒီဇင်ဘာလ ၆ ရက်နေ့ ညပိုင်းက ကျင်းပခဲ့သည်။ (The Voice၊ ဒီဇင်ဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မောက်သရက် အရှေ့ကျေးရွာတွင် ဒီဇင်ဘာ ၄ ရက်ညပိုင်းက ပထွေးဖြစ်သူက အတူနေ ၈ နှစ်အရွယ် မယားပါသမီးကို အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။(DVB၊ ဒီဇင်ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ယခုနှစ် ဇူလိုင်လကဖြစ်ပွားခဲ့သော အသက် ၁၅ နှစ်အရွယ် သမီးအရင်းဖြစ်သူကို ဖခင်ဖြစ်သူမှ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့သည့် အမှုအား မြောင်းမြခရိုင် တရားရုံးတွင် ၄ လကျော် ကြားနာပြီးနောက် သက်ငယ်မုဒိန်းမှု၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧရာဝတီသတင်း၊ ဒီဇင်ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ကချင်ပြည်နယ်တွင်း တိုက်ပွဲများအကြား ပိတ်မိနေသူများ လွတ်မြောက်ရေး လှုပ်ရှားတောင်း ဆိုခဲ့မှုကြောင့် တရားစီရင်ချက်ချမှတ်ခံထားရသည့် ဦးလွမ်းဇောင်၊ ဦးဇော်ဂျတ်နှင့် ဒေါ်နန်ပူတို့ ခေါင်းဆောင်သုံးဦးကို စစ်တပ်မှ


BURMESE WOMEN'S UNION
http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

တရားစွဲဆိုထားကာ ယနေ့တွင် ထောင်ဒဏ် (၆) လနှင့် ငွေဒဏ် (၅) သိန်း အသီးသီး ချမှတ်လိုက်သည်။(DVB၊ ဒီဇင်ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ကချင်ပြည်နယ်တွင်း တိုက်ပွဲကြောင့် ပိတ်မိနေသူများ လွတ်မြောက်လာရေး ဆန္ဒပြဦးဆောင် သူ ကိုဇော်ဂျတ်၊ ကို လွမ်းဇောင်း၊ ဒေါ်နန်ပူ သုံးဦးအား ယနေ့ နေ့လည်ပိုင်းက တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပေါ် ကျေနပ်မှု မရှိခြင်းကြောင့် တရားရုံးမှ မနောကွင်းသို့ လမ်းလျှောက်ခဲ့ကြပြီး ယင်းသို့ ဆန္ဒပြဦးဆောင်သူ ကိုဘရန်မိုင်၊ ကိုဆိုင်း ခွမ်အောင်နှင့် မဆွတ် ဆိုင်းထွယ်တို့ကို ထပ်မံ အမှုဖွင့်ထားကြောင်းသိရသည်။ (မြစ်ကြီးနားသတင်းဂျာနယ်၊ ဒီဗွီဘီ၊ ဒီဇင်ဘာ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- မကွေးတိုင်းဒေသကြီး၊ မြို့သစ် မြို့နယ်၊ ပင်းစုရွာဦးဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားတွင် မြို့သစ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒုတိယ စခန်းမှူးတို့ တက်ရောက်ခဲ့သည်။ (The Union Daily၊ ဒီဇင်ဘာလ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဖျာပုံခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကျင်းပသော လူကုန် ကူးမှုတားဆီး ကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၇ ရက်နေ့က ဘိုကလေးမြို့နယ် မြို့မဆွမ်းလောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။ (The Union Daily၊ ဒီဇင်ဘာလ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ပေါက်ခေါင်းမြို့နယ်ရပ်သစ်ကျေးရွာအုပ်စုတွင်အသက်(၈၀)အရွယ်အဘွားအိုကိုအဓမ္မပြုကျင့်မှုဖြင့်တစ်ရွာတည်းနေ အမျိုးသားတစ်ဦးကို အမှုဖွင့်ထားကြောင်း (ခေတ္တ) ပေါက်ခေါင်း မြို့မရဲစခန်းမှူး ဒုရဲမှူး သောင်းညွန့်က ပြောသည်။ (7DayDaily၊ ဒီဇင်ဘာလ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ကချင်ပြည်နယ်တွင် စစ်ပွဲတွေရပ်တန့်ရေး ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားသူ သုံးဦးဖြစ်သော ကိုလွမ်းဇောင်း၊ ကိုဇော် ဂျတ်နှင့် ဒေါ်နန်ပူကို စစ်တပ်အား အသရေဖျက်မှုနှင့် ရာဇသတ်ကြီး ပုဒ်မ (၅၀၀) ဖြင့် မြစ်ကြီးနား တရားရုံးက ပြစ်ဒဏ်ချလိုက်ခြင်းသည် မြန်မာနိုင်ငံဦးတည် လျှောက်လှမ်းနေသည့် ဒီမိုကရေစီစနစ်နှင့် လုံးဝကွဲလွဲနေသည်ဟု မြန်မာနိုင်ငံအခြေစိုက် အမေရိကန်သံရုံး၊ EU ဥရောပသမဂ္ဂနှင့် ဆွီဒင်သံရုံးတို့ မှ သဘောထားထုတ်ပြန်သည်။(VOA၊ ဒီဇင်ဘာလ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားဒေသ အသီးသီးတွင် စစ်ပွဲများ ရပ်တန့်ရန်၊ တိုင်းရင်းသားဒေသများတွင် တိုးချဲ့ထားသည့် အစိုးရတပ်များကို ပြန်ရုပ်ပေးရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကယနေ့ ကျရောက် သည့် ၎င်းတို့ အဖွဲ့ ၏ ၁၉ နှစ်ပြည့် အထိမ်းအမှတ် သဘောထားထုတ်ပြန်ချက်တွင် ထည့်သွင်းတောင်းဆိုလိုက်သည်။ (RFA၊ ဒီဇင်ဘာလ ၉ ရက်၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလျှံ(၃)၌ အလိုမတူဘဲ သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့သည့် ဦးလေးနှစ်ဝမ်းကွဲတော်စပ်သူကို ဒီဇင်ဘာ ၈ ရက် နေ့က အမှုဖွင့်အရေးယူဆောင်ရွက် ခဲ့ကြောင်း တာချီလိတ်မြို့မရဲစခန်းမှသိရသည်။(ကမ္ဘောဇ တိုင်း၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- ကချင်ပြည်နယ်တွင်း စစ်ပွဲများရပ်တန့်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံမှ အမျိုးသမီးများ တရုတ်ပြည်သို့ ရောင်း စားခံနေရသည့် အခြေအနေကို အဆုံးသတ်နိုင်လိမ့်မယ်ဟု အမေရိကန်တက္ကသိုလ်တစ်ခု၏ လေ့လာ ချက်တစ်ရပ်က ဆိုပါသည်။ ဤပြဿနာသည် ကချင်ပြည်နယ်အတွက်သာမဟုတ်၊ မြန်မာနိုင်ငံအတွက်သာမဟုတ်၊ တစ်ကမ္ဘာလုံး၏ အရေးကိစ္စ ဖြစ်သည်ဟု Johns Hopkins တက္ကသိုလ်၊ Bloomberg ပြည်သူ့ ကျန်းမာရေးကျောင်းနှင့် ထိုင်းနိုင်ငံအခြေစိုက် ကချင် အမျိုးသမီးအစည်းအရုံးတို့၏ လေ့လာချက်တစ်ရပ်က ဖော်ပြပါသည်။ မြန်မာနိုင်ငံမှ အမျိုးသမီး ၇,၅၀၀ ကျော်သည် တရုတ်အမျိုးသားများနှင့် အတင်းအကျပ် လက်ထပ်ခိုင်းစေခံနေရပြီး ၎င်းတို့ အနက်အများအပြားသည် ၎င်းတို့ ၏ လင်ယောကျ်ားများနှင့်အတင်းအကျပ်သားသမီးယူခိုင်းခြင်းခံနေရကြောင်း အဆိုပါလေ့လာမှုက ဖော်ပြသည်။(7DayDialy၊ RFA၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- အသက် ၁၈ နှစ်အောက် လက်ထပ်ထိမ်းမြားခွင့်ဥပဒေပြင်ဆင်မှုနှင့်ပတ်သက်၍ ကန့်ကွက် ဆန္ဒပြပွဲကို ယနေ့ ဒီဇင်ဘာလ ၁၁ ရက်တွင် ဒဂုံမြို့သစ် အရှေ့ပိုင်းရှိ မကွေးပရိယတ္တိ စာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ လက်ထပ်ထိမ်းမြားခွင့်ဥပဒေသည် နိုင်ငံတကာ စံနှုန်းများအရလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုအရလည်းကောင်း မလျော်ကန် သော ဥပဒေမျိုးကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လာခြင်းအပေါ် ကန့်ကွက်ရှုတ်ချသွား မည်ဖြစ်ကြောင်း မကွေးပရိယတ္တိတိုက်ကျောင်းဆရာတော် ဦးပါမောက္ခကမိန့်ကြားသည်။(The Voice၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- တရုတ်အမျိုးသားများ အတွက် အငှားကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားအလိုရှိကြောင်းကြော်ငြာစာရွက်များ ကို တရုတ်နိုင်ငံနှင့် နယ်စပ်မှုဆယ်မြို့ပေါ်ရှိလူစည်ကားရာနေရာ များတွင် လာကပ်ထား၍မြို့ခံ များဒေါသထွက်နေပြီး ယင်းစာ ရွက်များကို ဒီဇင်ဘာ ၁၀ ရက် က လိုက်လံဆုတ်ဖြဲခဲ့ကြသည်။(7DayDaily၊ ဒီဇင်ဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ရမ်းဗြဲမြို့နယ် စည်ရင်းကျေးရွာမှ ကျောင်းဆရာမတစ်ဦး ဒီဇင်ဘာ ၁၀ ရက်က နေအိမ်နှင့် သုံးမိုင်ခန့် ကွာဝေးသည့် ကျောင်းသို့ ကျောင်းတက်သွားစဉ် အသတ်ခံရကြောင်း လေးတောင် ရဲစခန်းမှ တာဝန်ကျ ရဲဝန်ထမ်း တစ်ဦးကပြောသည်။(7DayDaily၊ ဒီဇင်ဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ထိုးဖောက်ဝင်ရောက်လာနေသည့် တိုင်းတပါးသားများ၏ အန္တရာယ်ကြီးမားမှုကြောင့် အမျိုး ဇာတ်မပျက်ယွင်းရေး မြန်မာအမျိုးသမီးများအနေဖြင့် အသိ၊ သတိ ရှိကြပြီး အမျိုးဂုဏ် ထိန်းသိမ်း စောင့်ရှောက်ကြရန် အတိုက်အခံ အင်အားကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေးက ယနေ့နေပြည်တော်၊ ကြံ့ခိုင်ရေးပါတီ ရုံးချုပ်တွင် ကျင်းပပြု လုပ်သည့် ၂၀၁၈ အမျိုးသမီး ညီလာခံ အဖွင့်မိန့်ခွန်းတွင် တိုက်တွန်း ပြောဆိုလိုက်သည်။ (ဧရာဝတီသတင်း၊ ဒီဇင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)
- ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRC) က ပေးအပ်သည့် ၂၀၁၈ခုနှစ်အတွက် လူ့အခွင့်အရေးဆိုင်ရာ ဂုဏ်ထူး ဆောင်ဆုကို ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားနှင့် ဒုက္ခသည်များကို အခမဲ့ ကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် မယ်တော်ဆေးခန်း တာဝန်ခံ ဒေါက်တာစင်သီယာမောင်အား ယမန်နေ့ ဒီဇင်ဘာ ၁၁ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပေးအပ်ချီးမြှင့်ခဲ့သည်။(KIC၊ ဒီဇင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)
- ရန်ကုန်တောင်ပိုင်းခရိုင်၊ ညောင်ဝိုင်းသံကြိုးကျေးရွာတွင် စိတ်ရောဂါခံစားနေရသည့် အသက် ၂၃ နှစ် အမျိုး သမီးတစ်ဦးကို ခြောက်လှန့်ပြောဆိုပြီး သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့သည့် အမျိုးသားကို ဒီဇင်ဘာလ ၁၂ ရက်နေ့က မုဒိမ်းမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ ထံမှ သိရသည်။ (The Voice၊ ဒီဇင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- ဒီဇင်ဘာ ၁၀ ရက်က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမှ ကျောင်းဆရာမ အသတ်ခံရမှုသည် ရည်းစားစကားလိုက်ပြောသည်ကို လက်မခံသည့်အတွက် ထိုးကြိတ် အဓမ္မပြုကျင့်ပြီး သတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ပြစ်မှုကျူးလွန်သူက ထွက်ဆိုသည်ဟု ရဲဇာနည်သတင်းတွင် ဖော်ပြပါသည်။ (DVB၊ ဒီဇင်ဘာလ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- ပဲခူးတိုင်း တောင်ငူမြို့နယ် အမှတ် ၁၈ ရပ်ကွက်နေ အသက် ၁၅ နှစ်ကျော်အရွယ် မိန်းကလေးကို ဒီဇင်ဘာလ ၁၂ ရက်နေ့က ခိုးယူထွက်ပြေးပေါင်းသင်းသူ အမျိုးသားကို ပုဒ်မနစ်ခုဖြင့် အမှုဖွင့်လှစ်ထားကြောင်း တောင်ငူမြို့ မရဲစခန်းထံမှ သိရသည်။(The Voice၊ ဒီဇင်ဘာ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)
- ရန်ကုန်တိုင်းဒေသကြီးအတွင်း လူသတ်မှုနှင့် မုဒိန်းမှုဖြစ်ပွားမှုသည် အောက်တိုဘာလထက် နိုဝင်ဘာလတွင် အမှု အရေအတွက် ပိုများလာသည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရပါသည်။ မုဒိမ်းမှုသည် အောက်တိုဘာက ၂၁ မှုဖြစ်ပွားခဲ့ပြီး နိုဝင်ဘာလတွင် ၂၅ မှုထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။ ။(DVB၊ ဒီဇင်ဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)
- အငှားကိုယ်ဝန်ဆောင်အမျိုးသမီးအလိုရှိကြောင်း မူဆယ်နှင့် လောက်ကိုင်မြို့တို့၌ ကြော်ငြာသူများနှင့် မသင်္ကာ သူများကို ဖမ်းဆီးနိုင်ရန် မြန်မာ-တရုတ် ပူးပေါင်းလုပ်ဆောင် လျက်ရှိကြောင်း မူဆယ်မြို့ လူကုန်ကူးမှု တားဆီးနှိမ် နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲမှူးကျော်ညွန့် က ပြောကြားသည်။(The Voice၊ ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)
- စက်ဘီးဖြင့် မုန့်သွားဝယ်စဉ် ပျောက်ဆုံးသွားသော အသက်(၈)နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်ခံရသည့် လက္ခဏာများဖြင့် မန္တလေး-ပြင်ဦးလွင် အတက်လမ်းအနီး တောလမ်း တွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၈နာရီခန့်က



BURMESE WOMEN'S UNION
http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220

တွေ့ရှိခဲ့ကြောင်း ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးညီညီက ပြောသည်။ အဆိုပါ မိန်းကလေးသည် နေအိမ်သို့ ပြန်ရောက်မလာ၍ စက်မှုနယ်မြေရဲစခန်းတွင် ဒီဇင်ဘာ ၁၄ ရက် ည ၆ နာရီခွဲက လူပျောက်တိုင်ထားသည့် မိန်းက လေးဖြစ်သည်။ (7DayDaily၊ ဒီဇင်ဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ရိုဟင်ဂျာလူနည်းစုများအပေါ် ဖိနှိပ်မှုများနှင့် ပတ်သတ်သည့်ကိစ္စရပ်များတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ဥပေက္ခာပြုသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ကိုရီးယားလူ့ အခွင့်အရေးအဖွဲ့ကြီးတဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ေ နအိမ်အကျယ်ချုပ် ကျခံနေရစဉ် ၂၀၀၄ ခုနှစ်က ချီးမြှင့်ခဲ့သော Gwangju လူ့အခွင့်အရေးဆုကို ပြန်ရုပ်သိမ်းမည်ဟု ဖြစ်သည်ဟု ကြေညာခဲ့ပါသည်။ (VOA၊ ဒီဇင်ဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် အသက် ၃ နှစ်အရွယ် မိန်းကလေးငယ်တဦးကို အသက် ၃၀ ကျော် အမျိုးသားတဦးက အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည့်အတွက် တရားခံကို ဖမ်းဆီး အရေးယူထားသည်ဟု ပဲခူး မြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်စိုးက ပြောပါသည်။ (DVB၊ ဒီဇင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ရှမ်းပြည်နယ်၊မူဆယ်မြို့တွင်ဒီဇင်ဘာ၁၀ရက်နေ့ကတွေ့ခဲ့ရသည့်တရုတ်နိုင်ငံဘက်မှအငှားကိုယ်ဝန်ဆောင်ကုမ္ပဏီ၏ အမျိုးသမီးအလုပ်သမားများ ရှာဖွေသောကြော်ငြာစာနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံဘက်မှ စုံစမ်းဖော်ထုတ်ပေးမည်ဟု ပြောထားကြောင်း မူဆယ်မြို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဌာနက ပြောပါသည်။(RFA၊ ဒီဇင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- အသက် ၈ နှစ်အရွယ် မိန်းကလေးငယ်ကို ခိုးယူ ခေါ်ဆောင် သွားခဲ့ကာ အဓမ္မကျင့်ပြုကျင့်ပြီး နောက် ထုရိုက်နက်ကာ မန္တလေး -ပြင်ဦးလွင် ကားလမ်းဘေးတွင်ပစ်ထားခဲ့သည့်ဖြစ်စဉ်မှ သံသယရှိသူကို ဖမ်းဆီးနိုင်ရေးအတွက် သတင်းပေး ပါရန် ရဲတပ်ဖွဲ့က မေတ္တာရပ်ခံထား သည်။(The Ladies News, ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- တနင်္သာရီမြို့နယ်တွင် ချောင်းလမုရွာမှ အောင်မင်းလွင်ကို ဒီဇင်ဘာ ၂၃ ရက်က ဝရမ်းထုတ် ဖမ်းဆီးရန် သွားရောက် ခဲ့သော်လည်း ၄င်းခရီးထွက်သွားသည့်အတွက် အသက် ၂၀ အရွယ် သမီးဖြစ်သူကို ဖမ်းဆီးအရေးယူထားသည်ဟု တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောပါသည်။ (DVB၊ ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်မှ တပ်မတော် အငြိမ်းစားတဦးက မိုင်တထောင် ခရီးအား ၁၀ ရက်ကြာ စက်ဘီးစီးနင်းကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု ကြည်၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို ဂုဏ်ပြုလိုက်ပါသည်။(DVB၊ ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးသတင်းထောက်များကို အမျိုးသားတစ်ယောက်က ဒီဇင်ဘာလဆန်းပိုင်းခန့်ကစပြီး လူမှုကွန်ယက် facebook messenger မှတဆင့် Facebook အကောင့် PyaePhyo Thu ဆိုသည့်အမည်ဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးပြောဆိုခြင်း၊ လိင်ပိုင်းဆိုင်ရာ ဓာတ်ပုံရိုက်ပို့ခြင်းများ ကျူးလွန်နေသည့်အတွက် စစ်ဆေးအရေးယူပေးရန် မြန်မာအမျိုး သမီးသတင်းထောက်အဖွဲ့က မြန်မာသတင်းမီဒီယာကောင်စီ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ဖြေရှင်းရေးကော်မတီထံ တိုင်ကြားလိုက်သည်။ (RFA၊ ဒီဇင်ဘာလ ၃၀ ရက်၊ ၂၀၁၈ ခုနှစ်)

**သတင်းအရင်းအမြစ်များ**

- Development Media Group
- 7Day Daily
- Eleven Media Group
- Frontier Myanmar
- Karen Infromation Center
- Mizzima
- Myanmaalinn
- Myanmar Now
- Minister Of Information
- Radio Free Asia
- The Mirror
- The Voice
- The Union Daily
- The Ladies News
- Shan Women's Action Network
- Tachileik News Agency
- Yangon Media Group
- ကမ္ဘောဇတိုင်း
- ဧရာဝတီ
- မြန်မာတိုင်းမ်
- ဒီဗွီဘီ
- ပွင့်ဖိုအေ
- ဘီဘီစီ


http://burmesewomenunion.org
https://www.facebook.com/Burmese-Womens-Union-108886139172220